# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၄) ရက် ၊ တနင်္လာနေ့ ၊ (9-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၅၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နန်ပေါင်လေဆိပ်ပန်းဥယျာဉ်ဖွင့်လှစ်

**မြစ်ကြီးနား ဇန်နဝါရီ ၈**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ နန်ပေါင်လေဆိပ်ပန်းဥယျာဉ်ကို ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ဦးဇော်အေးမောင်တို့သည် နံနက် ၁၀ နာရီခွဲတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့ နန်ပေါင်လေဆိပ်သို့ ရောက်ရှိကြရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊

စာမျက်နှာ ၁၈ ကော်လံ ၁ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးလှမိုးနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်တို့က မြစ်ကြီးနားမြို့ နန်ပေါင်လေဆိပ်ပန်းဥယျာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၈၀၀ ကျော်ထိရှိ**

စာမျက်နှာ - ၅

**ပိုလ်တထောင်မြို့နယ် ဝန်ကြီးများရုံးအဆောက်အအုံတွင် မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ ကျင်းပသွားမည်**

စာမျက်နှာ - ၁၁




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်
အယ်ဒီတာ့အာဘော်

# စာမဖတ်သူပပျောက်ရေး ညီညာဖြဖြဆောင်ရွက်

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဟုဆိုကြသည်။ စာအုပ်စာပေကို လေ့လာဖတ်ရှုခြင်းသည် မိတ်ဆွေကောင်းနှင့်အတူတကွ ရှိနေသကဲ့သို့ဖြစ်သည်ကို ဆိုလိုခြင်းပင်ဖြစ်သည်။ မိတ်ဆွေဟူသည် မိမိပြုအပ်သော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ရန် တိုက်တွန်းခြင်း၊ ကူညီဆောင်ရွက်ခြင်းပြုတတ်သည်။ မိမိမပြုအပ်သော အမှုကိစ္စတို့ကို မပြုလုပ်ရန် သတိပေးခြင်း၊ တားမြစ်ခြင်းတို့ကို ဆောင်ရွက်တတ်ပေသည်။ ထိုနည်းတူစွာ စာအုပ်စာပေဟူသည် မိမိ၏ဘဝအတွက် ဆောင်ရန်၊ ရှောင်ရန်တို့ကို ပိုင်းခြားနားလည်သိမြင်စေနိုင်သည်သာမက ဆင်ခြင်စဉ်းစားဉာဏ်ကိုလည်း ရင့်သန်လာစေတတ်ကြောင်း တွေ့နိုင်ပေသည်။

စာပေသည် ဘဝအတွက်အကောင်းဆုံးလက်နက်ဟု ပခုက္ကူဦးအုံးဖေက ဆိုခဲ့သည်။ ပခုက္ကူဦးအုံးဖေသည် စာဖတ်ခြင်းဖြင့် မိမိကိုယ်ကိုမြှင့်တင်နိုင်ခဲ့သလို ပခုက္ကူမြို့နေ ပြည်သူများသာမက မြန်မာပြည်သူပြည်သားအားလုံးကို စာပေအလင်းရောင်ဖွင့်လှစ်ပေးခဲ့သူလည်းဖြစ်သည်။ ပခုက္ကူဦးအုံးဖေသည် ထောင်ထဲမှာပင် ထောင်ပိုင်ကြီး၏စာကြည့်တိုက်မှစာအုပ်များကို ဖတ်ရှုရပြီး စာဖတ်များလာသောအခါ အလိမ္မာစာမှာရှိ ဆိုသည့်အတိုင်း ဆိုးတေမိုက်ခဲ့သမျှ စာပေအလိမ္မာနှင့်ဆေးကြောသန့်စင်ကာ လူသစ်စိတ်သစ်ဖြင့် ထောင်သို့နောက်တစ်ဖန်မရောက်စေရန် ဘဝကိုရိုးသားကြိုးစားလျက် စာပေဖြင့်ပျော်မွေ့စွာ နေထိုင်နိုင်ခဲ့ပြီး ရိုးသားကြိုးစားမှုနှင့် စာပေအလိမ္မာသုတများ ပေါင်းစပ်လိုက်သည့်အခါဝယ် သိန်းတစ်ရာဆေးပေါင်းရှံပိုင်ရှင် ဦးအုံးဖေဖြစ်လာခဲ့သည်ကို တွေ့နိုင်သည်။

လက်ရှိကာလတွင် **Facebook** ၊ **YouTube** စသည့် နည်းပညာသုံးလူမှုကွန်ရက်များမှ မလိုလားအပ်သော သွေးဆောင်တင်ဆက်ထားမှုများ၊ မှားယွင်းသောအချက်အလက်များကိုအခြေခံထားသည့် သတင်းတုများ ကျယ်ပြန့်စွာရှိနေသည်ကို တွေ့ရသည်။ ၎င်းတို့တွင် ဝင်ရောက်ကြည့်ရှုခြင်း၊ ယုံမှတ်ခြင်းတို့ဖြင့် အချိန်ကုန်လူပန်းဖြစ်ပြီး နွံနစ်နေရသည့်အဖြစ်မျိုး မကျရောက်စေရန် သတိပြုအပ်သည်။ စာအုပ်စာပေ ဖတ်ရှုခြင်းဖြင့် အသိအမြင်တို့ မှန်ကန်စွာရရှိနိုင်ပြီး ငွေကြေးကုန်ကျမှုလည်းနည်းပါးပြီး ကျန်းမာရေးဘေးထွက်ဆိုးကျိုးမရှိသလောက်နည်းပါးကာ မိမိဘဝကို အဆင့်အတန်းမြင့်မားလာရန် အထောက်အကူပြုနိုင်ပေမည်။

**"ပညာရှာမှီးရာမှာ အလွယ်ကူဆုံး၊ အသက်သာဆုံးနဲ့ လူအများနဲ့ရင်းနှီးပြီးဖြစ်တဲ့ စာပေဖတ်ရှုခြင်းကတစ်ဆင့် ရရှိနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူ ပပျောက်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်"**ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့ကြောင့် အသိပညာတိုးပွားရာဖြစ်သော စာအုပ်စာပေကိုလေ့လာဖတ်ရှုရန် တိုက်တွန်းနှိုးဆော်ကာ စာမဖတ်သဖြင့် အသိပညာ မတတ်မြောက်သောသူအဖြစ်သို့ မကျရောက်စေရန်အတွက် စာမဖတ်သူပပျောက်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

မိမိတို့နိုင်ငံတွင် နေ့စဉ်ထုတ်သတင်းစာများ၊ လစဉ်ထုတ်မဂ္ဂဇင်းများ အခါအားလျော်စွာထွက်ရှိနေသည်။ စာအုပ်စာစောင်များ စဉ်ဆက်မပြတ်ထွက်ရှိနေသည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့နိုင်ပေသည်။ စာဖတ်ခြင်းကြောင့် ပညာပြည့်ဝနှလုံးလှသည့် လူတော်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများအဖြစ် နိုင်ငံအကျိုး အစဉ်သယ်ပိုးနိုင်သူများ စဉ်ဆက်မပြတ်ပေါ် ထွန်းလာရေးအတွက် လက်တွေ့ကျသော စာမဖတ်သူပပျောက်ရေးကို မိဘပြည်သူအပေါင်းက ညီညာဖြဖြဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၆၅၀၇၂၆ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် ဘုရားဖူးဦးရေ တိုးလာပါတယ်။ နေ့ထူးနေ့မြတ် ရက်တွေဆိုရင် ဘုရားဖူးတွေ ပိုပြီးလာရောက်တာကို တွေ့ရပါတယ်။ နားနေဆောင်တွေမှာလဲ ဝင်ရောက်နားခိုပြီး အေးဆေးစွာ အနားယူအပန်းဖြေနေကြတာကို တွေ့ရပါတယ်။ အရိပ်ရပင်တွေလဲ စိုက်ပျိုးထားပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၃၂၀၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၆၄၆၉၀၀ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၆၂၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေး ဆက်လက်မြင့်တက် ပြည်တွင်းရွှေဈေး အတက်အကျ နည်းပါးနေ

**မန္တလေး ဇန်နဝါရီ ၈**

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေး ဆက်လက်မြင့်တက်ခဲ့ပြီး အလှုပ်အခတ် ရှိခဲ့သော်လည်း ပြည်တွင်းရွှေဈေး အတက်အကျ နည်းပါးနေကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၂၇ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၈၆၈ ဒေါ်လာ ထိ အမြင့်ဆုံး တက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၃၁ ဒေါ်လာထိအနိမ့်ဆုံးကျဆင်း၍ ၁၈၆၅ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးကွက်ကတော့ အတော်ငြိမ်နေတယ်။ ဈေးကွက်ငြိမ်နေတာက ကောင်းတာလဲရှိသလို မကောင်းတာလဲရှိတယ်။ လက်ရှိ အခြေအနေတွေအရတော့ ပြည်တွင်းရွှေဈေးက အတက်အကျနည်းနည်းနဲ့ သွားနေတာမျိုးပါ။ ပြည်တွင်းမှာ ဈေးနှုန်းအတက်အကျနည်းနေပေမဲ့ ကမ္ဘာ့ရွှေက အတက်ဈေးနဲ့စခဲ့ပြီး အလှုပ်အခတ်ကြမ်းခဲ့ပါတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ဇန်နဝါရီ ၁ ရက်တွင် ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၂၃ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၇ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၄ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၁၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ခန့် ရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၄ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၉၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ထောပတ်ပဲကို ပြည်တွင်းဈေးကွက်အတွင်း ကုန်သည်များက ဝယ်ယူမှုများပြားလာကြောင်း၊ ထိုသို့ ထောပတ်ပဲကို ကုန်သည်များက ဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိ ထောပတ်ပဲတွေ ဇန်နဝါရီလ ပထမပတ်ကစပြီး မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်လာပြီး ဈေးကောင်းပြန်ရလာတယ်။ တရုတ်ကုန်သည်တွေကလဲ ဝယ်ယူမှုတွေရှိတဲ့အပြင် ပြည်တွင်းမှာလဲ ဝယ်ယူမှုများတာကြောင့် ထောပတ်ပဲ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလ နောက်ဆုံးပတ်က ထောပတ်ပဲ ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇန်နဝါရီ ၇ ရက်တွင် ထောပတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်တွင်းမှာ ထောပတ်ပဲ အများဆုံးစိုက်ပျိုးတဲ့ဒေသတွေက မန္တလေးတိုင်းဒေသကြီးမှာဆိုရင် တောင်သာနဲ့ နွားထိုးကြီးတို့ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် ရွှေဘိုနဲ့ ကလေးမြို့နယ်တို့ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာတော့ မင်းဘူးမှာ အများဆုံးစိုက်ပျိုးကြပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၆၅၈၉၃ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၆၅၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ဧက ၆၆၂၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆောင်းမြေပဲ ၆၅၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်အတွင်း ၂၀၂၂ ခုနှစ်မှာ ဆောင်းမြေပဲ ၆၆၂၅၇ ဧက စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ၆၅၈၉၃ ဧက စိုက်ပျိုးပြီးသွားပြီ။ ဆောင်းမြေပဲဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်အတွင်း ဆောင်းမြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၆၄၂၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၃၇၆၆ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၄၆၈၉ ဧက၊ ကျောက်မြောင်းမြို့တွင် ၁၁၀၁၃ ဧကတို့ဖြစ်ကြောင်း၊ ရွှေဘိုခရိုင်အတွင်း စိုက်ပျိုးပြီးစီးနေသော မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ရွှေဘိုခရိုင်တွင် ဆောင်းမြေပဲဧက ၆၆၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင်ပျမ်းမျှ ၆၄ ဒသမ ၁၅ တင်းထွက်ရှိကြောင်း ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မိုးကုတ်မြို့နယ် ကင်းတံတားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးကုတ် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကင်းတံတားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက လမ်းကော်မတီဝင်များနှင့်အတူ ကင်းတံတားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေးစနစ်တကျဆောင်ရွက်ရန်နှင့် တန်ဖိုးထားထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကင်းတံတားကျေးရွာ၌ အရှည်ပေ ၃၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့်ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# ဟိုင်းကြီးကျွန်းမြို့ဒေသထွက် ငါးခြောက်များ အရောင်းအဝယ်ကောင်းနေ



**ပုတော ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ဒေသထွက် ငါးခြောက်များ ဇန်နဝါရီလအတွင်း ဝယ်ယူမှုများနေသဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း ဟိုင်းကြီးကျွန်းမြို့ရှိ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ပြီးခဲ့သည့် ဒီဇင်ဘာလက တစ်ရက်လျှင် ငါးခြောက်အစုံ ပိဿာချိန် ၄၀ ထိသာ ရောင်းချခဲ့ရပြီး ဇန်နဝါရီ ၁ ရက်မှ ယနေ့ထိ ငါးခြောက်အစုံ ၇၅ ပိဿာမှ ပိဿာ ၁၂၀ ထိ ရောင်းချနေရကြောင်း၊ အရောင်းသွက်နေသည့် ငါးခြောက်များမှာ ငါးကွမ်းရှပ် (ငါးညို) ခြောက်၊ ငါးလိပ်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ ငါးတံခွန်ခြောက်၊ အာပဲ့ခြောက်တို့ဖြစ်ပြီး အဆိုပါ ငါးခြောက်များ အရောင်းသွက်နေကြောင်း သိရသည်။

"လက်ရှိ ဇန်နဝါရီ ၁ ရက်ကနေ ဒီနေ့ထိ ငါးခြောက်အစုံ ၇၅ ပိဿာကနေ ပိဿာ ၁၂၀ ထိ ရောင်းကောင်းနေပါတယ်။ ငါးခြောက်တွေကို ပုသိမ်နဲ့ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အရင်ကထက်ကို ရောင်းအားတက်နေတာပါ။ ဟိုင်းကြီးကျွန်းမြို့ကထွက်တဲ့ ငါးခြောက်အစုံကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချပေးလျက်ရှိပါတယ်။ ရောင်းအားတက်နေပေမဲ့ ငါးခြောက် ဈေးနှုန်းကတော့ ပုံမှန်အတိုင်းပါပဲ။ ငါးခြောက်တွေ ရောင်းအားတက်လာတဲ့အတွက် ရေလုပ်သားတွေ၊ ငါးခြောက်လုပ်ငန်းရှင်တွေနဲ့ ငါးခြောက်လုပ်ရာမှာ အဓိကကျတဲ့လုပ်သားတွေ အဆင်ပြေလာပါတယ်" ဟိုင်းကြီးကျွန်းမြို့ရှိ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။

အဆိုပါ ငါးခြောက်များသည် ဇန်နဝါရီ ၁ ရက်မှ ယနေ့ထိ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ ငါးကွမ်းရှပ် (ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၀၁၀၀၊ ငါးလိပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၅၀၀၊ ငါးတံခွန်ခြောက် တစ်သာလျှင် ငွေကျပ် ၂၂၀၀၀၊ အာပဲ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ဈေးရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက တစ်လလျှင် အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြစ်ကြောင်း၊ တိုးပွားလာသော အတိုးငွေများ၏ ၅၀ ရာခိုင်နှုန်းကို မိမိတို့ရပ်ရွာတွင် လိုအပ်သောဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၈၉ ဦးကို ငွေကျပ် ၃၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရိုး**

# မောင်တောမြို့နယ် အောင်မင်္ဂလာကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောက်ရွက်နေမှု စစ်ဆေး

**မောင်တော ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် အောင်မင်္ဂလာကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောက်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ အောင်မင်္ဂလာကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျောက်ချောလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံချိန်စံညွှန်းအတိုင်းစနစ်တကျဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အောင်မင်္ဂလာကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၅ သန်းဖြင့် လမ်းအရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၀ လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းဆောင်ရွက်ပြီးစီးပါက အောင်မင်္ဂလာကျေးရွာရှိ အိမ်ခြေ ၁၂၃ အိမ်၊ လူ ၅၉၄ ဦးတို့သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**



# စည်း

ချစ်နိုင်( စိတ်ပညာ)

**When wealth is lost, nothing is lost.**
**When health is lost, something is lost.**
**When character is lost, everything is lost.**
**Anonymous**

**ဥစ္စာဓန ဆုံးရှုံးသောအခါ ဘာမျှမဆုံးရှုံးသေးပါ။ ကျန်းမာရေး ဆုံးရှုံးတဲ့အခါ တစ်စုံတစ်ရာဆုံးရှုံးပါပြီ။ ကိုယ်ကျင့်တရားဆုံးရှုံးရင်တော့ အားလုံးကိုဆုံးရှုံးပြီ။**
**အမည်မသိစာဆို**

လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ဆိုရင် သူ့မှာ အမြုအမူ၊ အပြောအဆို၊ အတွေးအခေါ် ကို ထိန်းကျောင်းတဲ့ ရည်ညွှန်းဘောင်၊ ကိုးကားဘောင် Frame of Reference စံတွေရှိရပေတယ်။ အဲဒါကိုပဲ မြန်မာစာလုံးတစ်လုံးတည်းနဲ့ ခြုံငုံမိအောင်ပြောလို့ရပါတယ်။

**စည်း**

စည်းဟာ ဘယ်လောက်အရေးကြီးသလဲ။ လူ့ဘဝကို တန်ဖိုးအရှိဆုံး၊ အမှန်ကန်ဆုံးနဲ့ အကျိုးအရှိဆုံး အသုံးချဖို့ရာအတွက် ပထမအခြေခံအချက်အဖြစ် မြန်မာ့ရိုးရာဓလေ့ထုံးတမ်း အတွေးအခေါ်က စည်းကို သတ်မှတ်တယ်။ အဲဒါက **သီလစည်း**ပါ။

သာမန်မျှသာ ကြားဖူးနားဝရှိနေခဲ့ပါတယ်။

တောင်ပိုင်းတိုင်းမှူး တာဝန်၊ အစိုးရအဖွဲ့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှာဝန်ကြီးတာဝန်တွေလည်း ထမ်းဆောင်သွားခဲ့တဲ့ ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်ဟာ "အမတမျိုးစေ့"ဆိုတဲ့ ဓမ္မတေးတစ်ပုဒ်သီကုံးရေးဖွဲ့ဖန်တီးခဲ့ဖူးပါတယ်။ မျိုးစေ့နှစ်မျိုးရှိတယ်ဆိုပါစို့။ သုစရိုက်မျိုးစေ့နဲ့ ဒုစရိုက်မျိုးစေ့တွေပေါ့။ ရှေးက မြန်မာဆိုရိုးစကားရှိထားခဲ့တယ်တဲ့။

**မျိုးစေ့မမှန် ပင်မသန်၊**
**ဖူးတံငုံကင်း အသီးဖျင်းသည်၊**
**မျိုးစေ့မှန်ပြား ပင်သန်ထွား၍**
**ပွင့်ကားသီးမှည့် ဩဇာပြည့်သည်။**

အမတမျိုးစေ့ကို စိုက်ပျိုးဖို့ရာ လိုအပ်တဲ့အခြေခံအကြောင်းက ပျိုးပင်သစ်ပင်အစေ့အညှောက် ကောင်းစွာပေါက်နိုင်အောင် ရေ၊ မြေ၊ နေ၊ မြေဩ၊ ပေါင်းသင်၊ မျိုးလည်းကောင်း၊ ပိုးလည်းကင်း စသဖြင့် လိုအပ်ချက်တွေရှိနေသလို အကြောင်းငါးဖြာလိုအပ်ပါတယ်တဲ့။ သီချင်းကို အထပ်ထပ်အခါခါ နားထောင်ပြီးမှတ်သားဆင်ခြင်တဲ့အခါ တွေ့မြင်လာပါတယ်။

၁။ **သီလစည်း**ကာရံပါတဲ့။ ပထမအခြေခံအချက်။
၂။ **သုတ**ရေအေးလောင်း၍ပေးပါ။
၃။ **သာကစ္ဆာ**ဆွေးနွေးမေးမြန်းပါ။
၄။ **သမထ**နဲ့ ပယ်သတ်ရပါမယ်။
၅။ **ဝိပဿနာ**အလုပ်တရားနဲ့ နိဝရဏတရား ဖြတ်ကျော်နိုင်ရပါမယ်။ ဖြစ်ပျက်သိမှ မဂ်လမ်းဖိုလ်လမ်းအောင်ခန်းနိဗ္ဗူတာတဲ့။

မဂ်ဖိုလ်နိဗ္ဗာန်ရည်သန်တောင့်တကြတဲ့ ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင့်ဆုံးအမြတ်ဆုံးပန်းတိုင်ကို လှမ်းကိုင်နိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်ချက် အမှတ်စဉ်(၁)ကတော့ **သီလစည်း**လုံခြုံအောင်ကာရံရမယ်။ ဒါဟာ လူတိုင်းအတွက် အခြေခံအရင်းခံအကျဆုံးဖြစ်တယ်ဆိုတာ ဒီဓမ္မသီချင်းကို နားထောင်ပြီးမှ စာရေးသူမှာ ဉာဏ်အလင်းရပါတယ်။ အရင်က သီလခေါ် ကိုယ်ကျင့်တရား၊ စာရိတ္တပညာဟာ မိဘဆရာဆုံးမတာကြောင့် နားရည်ဝ၊ ကြားနေကျဖြစ်ခဲ့ပေမယ့် နှလုံးသားထိ မတွယ်ငြိခဲ့မိပါ။ တေးပြုစာဆို ဣန္ဒြာဆွေ(ခေါ်) ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် သီကုံးစာစီပြမှ အရင်ကထက် ထင်ထင်လင်းလင်း၊ သဲသဲကွဲကွဲသဘောပေါက်မိပါတယ်။ သီလမရှိသူတွေ နိဗ္ဗာန်နဲ့ဝေးကွာခြားလှပါတယ်။ နေရာဟောင်းတွေဖြစ်တဲ့ အပယ်လေးလီ မြစ်နဒီဝယ် ဗလုံစီငုပ်ကြလျက်သာ သံသရာရေယဉ်ကြောမှာ မျောကြရဦးမှာ မဟုတ်လား။

မသိသူတွေကို အပြစ်မဆိုပါ။

အဝိဇ္ဇာအမှောင်ထုထဲမှာ တရားမလိုက် အမှားကြိုက်သူတွေကသာ အများထု၊ အများစုမဟုတ်လား။ သိသူတွေရှိပေမယ့်လည်း လက်တွေ့လိုက်နာကျင့်သုံးအားထုတ်သူဆိုတာကလည်း ရှားပါးလှပါတယ်။ ဒီတော့ မသိသူနဲ့ သိသူဟာ ကျင့်သူမဖြစ်သေးခင် ဘာမှ မကွဲပြား၊ မခြားနားလှပါဘူးလေ။ ကျင့်မှရမယ်။

ကိုယ်ကျင့်စာရိတ္တ၊ သီလစောင့်ခြင်းဆိုတာက လူတစ်ယောက်တည်းအနေနဲ့ ဧကစာကျင့်နေသူအတွက် အထူးမလိုပါဘူး။ အလိုလိုလုံခြုံပြီးသားပါ။ ငါးပါးသီလဆိုတဲ့ ရှောင်ကြဉ်ရမယ့်အချက် ငါးမျိုးစလုံးဟာ ပတ်ဝန်းကျင်က လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းနဲ့သာ သက်ဆိုင်တဲ့ ကျင့်ဝတ်တွေဖြစ်နေပါတယ်။ လူ့တန်ဖိုးကို ဖော်ပြတဲ့ လက္ခဏာတွေပါပဲ။

၁။ **သူတစ်ပါးအသက်ကိုမသတ်ရ၊ မထိပါးရ၊ မနှောင့်ယှက်ရ၊ မနှိပ်စက်ရ။**
၂။ **သူတစ်ပါးပစ္စည်းကို မခိုးရ၊ မဝှက်ရ။** (ဒီ နှစ်ချက်က နိုင်ငံတိုင်းလိုလို၊ လူ့အဖွဲ့အစည်းတိုင်းပဲ ခေတ်အဆက်ဆက်က ပြင်းထန်စွာတားမြစ်အရေးယူ အပြစ်ပေးလေ့ရှိတဲ့ ဥပဒေစည်းကမ်းတွေပါ။)
၃။ **သူတစ်ပါး သားမယားမပြစ်မှားရ။**
၄။ **လိမ်ညာစကား၊ မဟုတ်မမှန်စကား၊ ကုန်းချောစကား၊ ရိုင်းရိုင်းကြမ်းတမ်းစကား၊ အနှစ်မရှိတဲ့ စကား၊ အကျိုးမဲ့တဲ့စကားမျိုးတွေကို မပြောဆိုရ။** (ဆက်ဆံရေးယဉ်ကျေးမှုတွေပါ။)
၅။ **မူးယစ်မေ့လျော့စေတဲ့ အရက်သေစာ၊ စိတ်ကြွဆေး၊ စိတ်ငြိမ်ဆေး၊ မြူးဆေး စတဲ့ မူးယစ်ဆေးဝါးတွေ မသောက်ရ၊ မသုံးရ။** (သတိလက်လွတ်သူတစ်ပါး၊ လူအများကို အနှောင့်အယှက်ပေးမိတတ်တာမို့ရယ်။ သုံးသူရဲ့ ခန္ဓာကိုယ်ဇီဝဗေဒ ထိခိုက်ပျက်ယွင်းစေလို့ရယ်။ ကျန်းမာရေး၊ လူမှုရေးထိခိုက်စေတာတွေမို့ တားဆီးကာကွယ်ခြင်းပါ။)

လူဆိုတာ အနည်းဆုံးမိသားစု၊ ဆွေမျိုးဉာတကာနဲ့အတူတကွ နေထိုင်ရှင်သန်ကြရပါတယ်။ မိသားစုဝင် မိဘ၊ မောင်နှမ၊ ဆွေမျိုးတွေနဲ့ ထိတွေ့ဆက်ဆံနေရပါတယ်။ ကျောင်းမှာဆို ဆရာ၊ ဆရာမတွေရယ်။ ကျောင်းနေဖက်သူငယ်ချင်းမိတ်ဆွေတွေရယ်။ ကစားဖော်သူငယ်ချင်းတွေရယ်။ အပေးအယူအလေးမူပြီး ဆက်ဆံပေါင်းသင်းကြရတာ လူ့သဘော လူ့သဘာဝပဲ။

ကိုယ့်အကျိုးအတွက်၊ မိသားစုအကျိုး၊ ရပ်ရွာကောင်းကျိုး၊ လူမျိုး၊ နိုင်ငံအကျိုး၊ လူ့ဘောင်အဖွဲ့အစည်းလူသားတွေရဲ့ အနာဂတ်ကောင်းကျိုး မိမိတတ်နိုင်သလောက်ပါဝင်လုပ်ဆောင်ရတယ်။ ပူးပေါင်းဆက်ဆံကြရတယ်။ မိသားစုဝင်တစ်ယောက်ဖြစ်နေလေတော့ သားသမီးတာဝန်၊ သားသမီးကျင့်ဝတ်လိုက်နာရပါတယ်။ ရပ်ကွက်၊ လမ်း၊ အတူတကွနေထိုင်ကြသူတွေချင်း ရပ်ရွာကောင်းကျိုး၊ လမ်းသာယာရေး ပါဝင်ရပြီ။

**❖ အဝိဇ္ဇာအမှောင်ထုထဲမှာ တရားမလိုက် အမှားကြိုက်သူတွေကသာ အများထု၊ အများစုမဟုတ်လား။ သိသူတွေရှိပေမယ့်လည်း လက်တွေ့လိုက်နာကျင့်သုံး အားထုတ်သူဆိုတာကလည်း ရှားပါးလှပါတယ်။ ဒီတော့ မသိသူနဲ့ သိသူဟာ ကျင့်သူမဖြစ်သေးခင် ဘာမှ မကွဲပြား၊ မခြားနားလှပါဘူးလေ။ ကျင့်မှရမယ်။ ကိုယ်ကျင့်စာရိတ္တ၊ သီလစောင့်ခြင်းဆိုတာက လူတစ်ယောက်တည်းအနေနဲ့ ဧကစာကျင့်နေသူအတွက် အထူးမလိုပါဘူး။ အလိုလိုလုံခြုံပြီးသားပါ။ ငါးပါးသီလဆိုတဲ့ ရှောင်ကြဉ်ရမယ့် အချက်ငါးမျိုးစလုံးဟာ ပတ်ဝန်းကျင်က လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းနဲ့သာ သက်ဆိုင်တဲ့ ကျင့်ဝတ်တွေဖြစ်နေပါတယ်။ ❖**

မြို့သား၊ ပြည်နယ်သားဖြစ်နေတော့ မြို့နယ်ကိုဖြစ်စေ၊ ပြည်နယ်ကိုဖြစ်စေ ကိုယ်စားပြုပြီး အားကစားပြိုင်ရမယ်။ အနုပညာပြိုင်ရမယ်။ အလားတူပဲ နိုင်ငံအဆင့်ကိုယ်စားပြုပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်အောင် အားကစား၊ အနုပညာ၊ ပညာရပ်ဆိုင်ရာ၊ ကြိုးစားလုပ်ဆောင်ရပါတယ်။ ဒီတာဝန်၊ ဒီဝတ္တရားတွေဟာ ဘယ်သူမဆို အသိစိတ်နဲ့ မိမိပါဝင်လုပ်ဆောင်လိုက်နာရမယ့် ပြည်သူ့နီတိတွေပဲ။

လူတိုင်းအတွက် ကိုယ်ကျင့်တရား၊ စာရိတ္တ ယဉ်ကျေးမှုတွေပါပဲ။ ဟုတ်တယ်မဟုတ်လား။

ငါးပါးသီလတောင် လိုက်နာရမှာမှန်းမသိ၊ အကျိုးမရှိ သိမ်ဖျင်းသေးနုတ်တဲ့ စကားတွေ၊ လိမ်လည်မှားယွင်းတဲ့ စကားတွေ၊ ကြမ်းတမ်းရိုင်းစိုင်းတဲ့ စကားတွေ ပြောဆိုနေကြသူတွေရဲ့ ကိုယ်ကျင့်တရားအဆင့်အတန်း တန်ဖိုးကို အကဲဖြတ်ကြည့်ကြရင်။

လူဆိုတာက သူတစ်ပါးကိုဖြစ်စေ၊ လူအများကိုဖြစ်စေ မချစ်ချင်နေ။ မုန်းတီးတာ၊ ရန်လိုတိုက်ခိုက်တာ၊ နှောင့်ယှက်ဖျက်ဆီးတာမျိုးတွေက မလုပ်ရဘူး။ မလုပ်အပ်ဘူး။ အကုသိုလ်ဒုစရိုက်**ပါပ**ဆိုတဲ့ ဆိုးကျိုးကျရောက်စေတဲ့အရာတွေလေ။ ဘယ်လိုအလုပ်မျိုးကို သတိနဲ့ရွေးချယ်လုပ်ဆောင်ရမှာလဲ။ လိုက်နာကျင့်သုံးရမှာလဲ။

ကုသိုလ်ကမ္မပထတရား ၁၀ ပါးတဲ့။ သိအောင်လေ့လာလက်တွေ့ကျင့်သုံးပါ။ သုစရိုက်တရား **ဗုဒ္ဓကုသလတရား**တွေပါပဲ။ လူကြီးသူမ၊ ရဟန်းသံဃာ၊ ဆရာတော်တွေထံမှာ ဆည်းကပ်ဖူးမြော်ပြီး မသိသေးတာ၊ မရှင်းလင်းတာကို မေးလျှောက်ပါ။ မေးမြန်းပါ။ သာကစ္ဆာဆိုတာ မေးမြန်းဆွေးနွေးရမယ်လို့ဆိုလိုတယ်။

မသိလေ မှားလေ နှစ်လေ။

နားမလည်လေလေ လွဲချော်နေလေ ဆင်းရဲလေ။

သိအောင်၊ နားလည်အောင်က အမြဲတစေလေ့လာမှတ်သားဆည်းပူးနေရမှာဖြစ်ပါတယ်။ လူတိုင်းဟာ တစ်ကိုယ်တော် တောတောင်ကန္တာရထဲ ဂူအောင်းပြီး နိဗ္ဗာန်မ မကျင့်နိုင်သေးသမျှ လူ့ပတ်ဝန်းကျင်နဲ့ မလွဲမသွေထိတွေ့နေရပေမှာပဲ။ လူဆိုတာ လူ့ပတ်ဝန်းကျင်နဲ့ ကင်းလွတ်ပြီး သီးခြားလွတ်လပ်ခြင်းကို ဘယ်လိုမှ မရနိုင်ပါ။ ပတ်ဝန်းကျင်နဲ့အဆင်ပြေအောင် ညှိယူနိုင်ရပါမယ်။ The Frame of Contemporary Society ခေတ်ပြိုင်လူ့အဖွဲ့အစည်းရဲ့ သတ်မှတ်ချက်ဘောင်ထဲမှာပဲ လှုပ်ရှားရစမြဲပါ။ စည်းလွတ်ဘောင်လွတ်လုပ်ဆောင်လို့မရပါ။ အထိန်းအကွပ်ဆိုတာ ရှိနေမှာပဲ။

လွတ်လပ်လိုစိတ်ကို အပြစ်ဆိုစရာမရှိပါ။

လူသားဝါဒရဲ့ လက္ခဏာ လေးရပ်ရှိတယ်တဲ့။ (၁) စူးစမ်းလိုစိတ်၊ (၂) လွတ်လပ်ချင်တဲ့စိတ်၊ (၃) ကောင်းမွန်တဲ့အရသာကိုခံယူလိုစိတ်နဲ့ (၄) လူသားမျိုးနွယ်အပေါ် ယုံကြည်မှုထားရှိတတ်ခြင်းတဲ့။

တစ်နေ့သောအခါမှာ-

တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်ကို ချီပြည်နယ်မှ မြို့စားကြီးက "အစိုးရသည် မည်သို့ကျင့်ရမည်နည်း"လို့ မေးသတဲ့။ ကွန်ဖြူးရှပ်(ဘီစီ ၅၅၁-၄၇၉)က ရိုးရိုးလေးပဲပြန်ဖြေတယ်။

"မင်းသားက မင်းသားလိုနေပါ။ ဝန်ထမ်းက ဝန်ထမ်းလိုနေပါ။ အဖေက အဖေလိုနေပါ။ သားက သားလိုနေပါ"တဲ့။

မိမိရဲ့ အခန်းကဏ္ဍအလိုက် ကိုယ့်တာဝန်၊ ကိုယ့်ကျင့်ဝတ်စည်းမျဉ်းတွေအတိုင်း နေထိုင်ရမယ်၊ ပြုမူရမယ်၊ ထမ်းဆောင်ရမယ်ဆိုတဲ့ အကျယ်သဘောကို လိုရင်းတိုတိုရှင်းရှင်းပြောပြခြင်းပဲလေ။ လူ့ဘောင်အဖွဲ့အစည်းအတွင်း လူတိုင်းကိုယ့်နေရာ ကိုယ်သိရမယ်။ ကိုယ့်တာဝန် ကိုယ်ကျေရမယ်။ ကိုယ့်အလုပ်ကို ကိုယ်လုပ်နေမှ တိုင်းပြည်ဟာ သာယာအေးချမ်းပေမှာပေါ့။

မဆိုင်တာမလုပ်နဲ့။ မဟုတ်တာမလုပ်နဲ့။ ဒုက္ခရောက်ရတတ်တယ်။

၂၀ ရာစုအင်္ဂလိပ်လူမျိုးစာရေးဆရာ အီးအမ်ဖော်စတာ(၁၈၇၉-၁၉၇၀)က အဓိပ္ပာယ်ဖွင့်ဆိုပြခဲ့ဖူးတာဖြစ်ပါတယ်။ တကယ်တော့ ဘာသာတရားကိုးကွယ်မှု အများစုဟာ အမုန်းတရားထက် မေတ္တာတရားကို တန်ဖိုးထားပြီး အားပေးညွှန်ပြလေ့ရှိကြပါတယ်။ တိုက်ခိုက်ခြင်း၊ လက်စားချေခြင်းထက် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းကို ပိုမိုကောင်းချီးပေးပါတယ်။ ရက်စက်ကြမ်းတမ်းခြင်းထက် ကြင်နာခြင်း၊ မေတ္တာထားခြင်းကိုသာ ဟောကြားခဲ့ပါတယ်။

လူ့သဘာဝ လူ့လောကမှာ မိမိဘာသာလွတ်လပ်စွာ စည်းလွတ်ဝါးလွတ်နေထိုင်ပြုမူလို့ မရနိုင်ပါ။ စည်းရှိရပါတယ်။ စည်းဆိုတာက ကျင့်ဝတ်စည်းကမ်းပါ။ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်၊ လူအများစောင့်ရှောက်ထိန်းသိမ်းလိုက်နာရမယ့် ကျင့်ထုံးကျင့်စဉ်တဲ့။

**စည်း**ကို အင်္ဂလိပ်လို Fence၊ Line၊ Discipline၊ Ethics၊ Code of Conduct၊ Tining၊ Beat၊ Tempo၊ Bundle၊ Bunch စသဖြင့် အဘိဓာန်မှာ ဖွင့်ဆိုထားပါတယ်။ စည်းကမ်းကိုတော့ Rules and Regulations လို့ဆိုပါတယ်။ ဆရာကြီးမင်းသုဝဏ်ရဲ့ ဒွေးချိုးကဗျာလက်ာလေးနဲ့ နိဂုံးချုပ်ပါရစေ-

**စည်း**တွင်းမှာနေ ကင်းကွေလိမ့် ရန်ဘေး၊
**ကမ်း**ကိုကျော် ချော်ကာကျ များလှရန်ဘေး။
**စည်းကမ်း**ကို ကျော်ရင်တော့. . . ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၈၀၀ ကျော်ထိရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၈၀၀ ကျော်ထိရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၄၀ နှင့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ၆၂ ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၅၂ ခုကို ခွင့်ပြုပေးခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၀ က ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၈၀၀ ကျော်ထိရှိကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် ဇန်နဝါရီလကနေ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ သန်း ၁၈၀၀ ကျော်ထိရှိပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုက ငွေကျပ် သန်း ၈၀၀ လောက် ဖြစ်ပါတယ်။ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုကို ကြည့်မယ်ဆိုရင် စွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ထားပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေထဲမှာ လျှပ်စစ်ကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနဲ့ စက်မှုကဏ္ဍက အများဆုံးရင်းနှီးမြှုပ်နှံထားပါတယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေထဲမှာ လျှပ်စစ်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနဲ့ စက်မှုကဏ္ဍက အများဆုံး ရင်းနှီးမြှုပ်နှံထားပါတယ်။ နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုမှာတော့ စင်ကာပူနိုင်ငံက အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ဒုတိယအများဆုံး ဖြစ်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က ပြောပြသည်။

၂၀၂၂ ခုနှစ်အတွင်း စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခုဖြင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁၁၅၄ သန်းထိ ရင်းနှီးမြှုပ်နှံထားပြီး တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၂ ခုဖြင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ သန်း ၉၀ ကျော် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

ASH



# ဆင်ပေါင်ဝဲမြို့နယ် မိုးနတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သည့် မိုးနတ်ကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက မိုးနတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄၈ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## မေတ္တာအလှ တူခြယ်သစို့

- မခွဲရခင် တွဲကြယှဉ်ကြ
  ဘဝချိန်ခါ ခဏတာတွင်
  ကြင်ကြင်နာနာ ခင်မင်စွာဖြင့်
  စေတနာအလှ ဝေဖြာမျှစို့။

- မေတ္တာနှလုံး ကိုယ်စီသုံး၍
  အမုန်းဖျက်ချေ အပြုံးဝေသော
  မနောလည်းဖြူ မငြူစူသော
  ကူညီလိုစိတ် လွှမ်းဖိတ်စာနာ
  ချစ်သဒ္ဒါပေးမျှ ထွေးကြစို့။

- မေတ္တာဆင့်တိုး သူ့အကျိုးကို
  သယ်ပိုးသောကိုယ် ဖြစ်ရလိုဟု
  နှစ်လိုစိတ်ထား ကိုယ်စီပွား၍
  အများကောင်းမှု အတူပြုစို့။

- "ဘယ်သူ မှားမှန် ကိုယ်သည်းခံမည်"
  ခန္တီကိုင်စွဲ မယိုင်လဲစိတ်
  ခိုင်မြဲရိပ်ဖြာ မျိုးမြန်မာချင်း
  မေတ္တာဆက်နွှင်း ခင်းပါစို့။

- တစ်ဦးကစ တစ်ဖွဲ့ရ၍
  ချဲ့ကြမေတ္တာ တို့ပြည်ရွာတွင်
  ကြင်နာဆပွား ပညာများဖြင့်
  တင့်တင့်တယ်တယ် ဝင့်ထည်မဆုံး
  အမုန်းဖယ်ခွာ များသတ္တာတို့
  ကြည်သာအေးမြ ဘေးမခစေ
  မေတ္တာအလှ ခြယ်သစို့။ ။

**အကျော်ပင်**

# ဒိုက်ဦးမြို့နယ် ကျောက်စရစ်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျောက်စရစ်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျောက်စရစ်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဒိုက်ဦးမြို့နယ် ကျောက်စရစ်ကျေးရွာ၌ လမ်းအရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညီ**

# နိုင်ငံတကာ သတင်းများ

## မက္ကဆီကိုစီးတီး မြေအောက်ရထားလမ်းကြောင်း ဘူတာရုံ နှစ်ရုံကြား၌ ရထားနှစ်စီးဝင်တိုက်

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၈**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့ မြေအောက်ရထားလမ်းကြောင်း ဘူတာရုံ နှစ်ရုံကြား၌ ဇန်နဝါရီ ၇ ရက်က ရထားနှစ်စီး ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူတစ်ဦးသေဆုံးပြီး ၄၁ ဦးဒဏ်ရာရခဲ့ကြောင်း အေပီ သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရထားနှစ်စီး ဝင်တိုက်မှုဖြစ်စဉ်သည် မက္ကဆီကိုစီးတီးမြို့ မြေအောက် ရထားလမ်းစနစ် လမ်းကြောင်း အမှတ်-၃ပေါ်၌ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုစီးတီးမြို့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရထားနှစ်စီး ဝင်တိုက်ပြီးနောက် ရထားတွဲတစ်တွဲပေါ်၌ လူလေးဦး ပိတ်မိနေခဲ့ရာ ကယ်ဆယ်ရေးသမားများက ကယ်ထုတ်ပေးခဲ့ရသည်။

ရထားနှစ်စီး ဝင်တိုက်ခဲ့ရခြင်း အကြောင်းရင်းကို မက္ကဆီကိုစီးတီးမြို့တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

၂၀၂၁ ခုနှစ် မေလကလည်း မက္ကဆီကိုစီးတီးမြို့ မြေအောက်ရထားစနစ် လမ်းကြောင်း-၁၂ပေါ်၌ရထားလမ်းပိုင်း တစ်ခုပြိုကျခဲ့ရာ လူပေါင်း ၂၆ ဦးသေဆုံးပြီး ဦးရေ ၆၀ ကျော် ဒဏ်ရာရခဲ့ကြောင်း သိရသည်။

မက္ကဆီကိုစီးတီးမြို့မြေအောက်ရထားလမ်းစနစ်၌ သံလမ်းအရှည် ၁၄၁မိုင်၊ ဘူတာရုံ ၁၉၅ ရုံရှိပြီး နေ့စဉ်ခရီးသည် ၄ ဒသမ ၆ သန်းကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

KKO



## ဘိုးအင်း-၇၃၇ ရုရှားခရီးသည်တင်လေယာဉ် ပျံသန်းနေစဉ် အရေးပေါ်အခြေအနေ ကြေညာခဲ့ရ

**မော်စကို ဇန်နဝါရီ ၈**

ရုရှား လေကြောင်းလိုင်းတစ်ခုက ပိုင်ဆိုင်သည့် ဘိုးအင်း-၇၃၇ ခရီးသည်တင်ယာဉ်တစ်စင်းသည် ဇန်နဝါရီ ၇ ရက်က ပြည်တွင်းခရီးစဉ်တစ်ခုအတွင်း ပျံသန်းနေစဉ် အရေးပေါ်အခြေအနေကြေညာခဲ့ရကြောင်း ရှိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးသည်တင်လေယာဉ် ပျံသန်းနေချိန် အရေးပေါ်အခြေအနေကြေညာခဲ့ပြီးနောက် ယင်းခရီးသည်တင် လေယာဉ်သည် မော်စကိုမြို့ ရှီရီမက်ယီဗိုလေဆိပ်သို့ ဆင်းသက်ခဲ့ရသည်။

၎င်းခရီးသည်တင် လေယာဉ်သည် အာတိတ်ဒေသ မားမင့်ခ်မြို့မှ မော်စကိုမြို့သို့ ပျံသန်းနေစဉ် အမြင့်ပေ ၃၃၀၀၀ တွင် ပျံသန်းနေချိန် အရေးပေါ်အခြေအနေ ကြေညာခဲ့ရခြင်းဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက သတင်းဖော်ပြကြသည်။

အဆိုပါခရီးသည်တင်လေယာဉ်အား မည်သည့်လေကြောင်းလိုင်းက ပိုင်ဆိုင်သည်ကို ရုရှားမီဒီယာများက ဖော်ပြကြေညာထားခြင်းမရှိကြောင်း သိရသည်။

သို့သော် အက်စ်-၇ အမည်ရှိ ရုရှားလေကြောင်းလိုင်းတစ်ခုသည် တစ်မြို့နှင့်တစ်မြို့ မိုင် ၉၃၀ ကွာဝေးသည့် မားမင့်ခ်မြို့နှင့်မော်စကိုမြို့ကြား လေကြောင်းခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိသည်။

အက်စ်-၇ လေကြောင်းလိုင်းသည် ရုရှားနိုင်ငံ၏ အကြီးမားဆုံး ပုဂ္ဂလိက လေကြောင်းလိုင်းဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ ဒုတိယအကြီးဆုံးလေကြောင်းလိုင်းဖြစ်ကြောင်း သိရသည်။ KKO

## ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၁၂၀ ခန့်နှင့် ဗီဒီယိုကွန်ဖရင့်ကျင်းပရန် အိန္ဒိယစီစဉ်



**ဒေလီ ဇန်နဝါရီ ၈**

အိန္ဒိယနိုင်ငံသည် လာမည့် ရက်သတ္တပတ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း၁၂၀ ခန့်နှင့် ဗီဒီယိုကွန်ဖရင့် ဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားကြောင်း ရှိုက်တာသတင်းဌာနက ဇန်နဝါရီ ၇ ရက်တွင် ဖော်ပြခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အိန္ဒိယတို့ကြား ဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲကျင်းပမည့်အစီအစဉ်ကိုအိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၆ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌအဖြစ် ယခုနှစ်အတွင်းတာဝန်ယူစဉ် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ပြောကြားထားသည်။

ဂျီ-၂၀ အုပ်စု၏ ဦးစားပေးလုပ်ငန်းအစီအစဉ်များကို ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဂျီ-၂၀ မိတ်ဖက်နိုင်ငံများနှင့် နီးနှောတိုင်ပင်ခြင်းဖြင့် အကောင်အထည် ဖော်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ပြောကြားထားသည်။

ဇန်နဝါရီ ၁၂ ရက်မှ ၁၃ ရက်ထိ ကျင်းပမည့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲ၌ ဖွံ့ဖြိုးဆဲနိုင်ငံ ၁၂၀ ခန့်မှ အစိုးရအဖွဲ့ခေါင်းဆောင်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဘဏ္ဍာရေးဝန်ကြီးများ ပါဝင်မည်ဖြစ်ကြောင်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန်က ပြောကြားထားသည်။

အဆိုပါဗီဒီယိုကွန်ဖရင့်၌ပါဝင်မည့်နိုင်ငံများအတည်ပြုစာရင်းကို မကြာမီကာလအတွင်း အိန္ဒိယအစိုးရကထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံ၏ လနှစ်သစ်ကူးကာလ ရက် ၄၀ ခရီးသွားရာသီ စတင်

**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်နိုင်ငံ၏ လနှစ်သစ်ကူးကာလ ရက် ၄၀ ခရီးသွားရာသီသည် ဇန်နဝါရီ ၇ ရက်တွင် စတင်ပြီဖြစ်ကြောင်း ရှိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဇန်နဝါရီ ၂၁ ရက်တွင် တရားဝင်စတင်မည့် လနှစ်သစ်ကူးခရီးသွားရာသီသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပြည်တွင်းခရီးသွားလာမှု အကန့်အသတ်များမရှိသည့် ပထမဆုံး လနှစ်သစ်ကူးခရီးသွားရာသီလည်းဖြစ်သည်။

ယခုနှစ် လနှစ်သစ်ကူးရက် ၄၀ ခရီးသွားရာသီ စတင်ချိန်သည် တရုတ်အစိုးရက ကိုဗစ်-၁၉ ရောဂါကူးစက်မှု သုညအဆင့်တွင်ထားရှိရေးမူဝါဒကို ပြန်လည်ရုပ်သိမ်းပေးခဲ့ချိန်နှင့် တိုက်ဆိုင်လျက်ရှိကြောင်း သိရသည်။

လနှစ်သစ်ကူး ခရီးသွားရာသီအတွင်း ခရီးသွားဝင်ရောက်မှုပိုမိုမြင့်မားလာနိုင်သည်နှင့်အမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများလည်း မြင့်တက်လာနိုင်ဖွယ်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကပ်ဘေး မတိုင်မီကာလက တရုတ်လနှစ်သစ်ကူးခရီးသွားရာသီသည်ကမ္ဘာ့အကြီးမားဆုံး နှစ်စဉ်လူများ ရွှေ့ပြောင်းသွားလာမှုအဖြစ် သတ်မှတ်ခံထားရသော ခရီးသွားရာသီဖြစ်သည်။

ယခုနှစ် လနှစ်သစ်ကူးရက် ၄၀ ခရီးသွားရာသီတွင် ခရီးသွားလာကြမည့် ခရီးသည်၂၆ဘီလီယံကျော်ထိ ရှိနိုင်သည်ဟု တရုတ်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနကခန့်မှန်းထားကြောင်း သိရသည်။



KKO

## ဘဂ္ဂဒက်ယာဉ်ကြောပိတ်ဆို့မှုပြဿနာလျှော့ချနိုင်ရန် မော်တော်ယာဉ်ငယ်များအတွက် အစိမ်းရောင်ဇုန်ကို ပြန်လည်ဖွင့်လှစ်



**ဘဂ္ဂဒက် ဇန်နဝါရီ ၈**

ဘဂ္ဂဒက်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို လျှော့ချနိုင်ရန်အတွက် လုံခြုံရေးအထူးတင်းကျပ်သည့် အစိမ်းရောင်ဇုန်ကို အီရတ်တာဝန်ရှိသူများက ယနေ့တွင် ယာဉ်သွားယာဉ်လာများ ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် နှစ်များအတွင်း အီရတ်တာဝန်ရှိသူများသည် လုံခြုံရေးအခြေအနေအပေါ် မူတည်၍ အစိမ်းရောင်ဇုန်ကို မကြာခဏ ဖွင့်ခြင်း၊ ပိတ်ခြင်းတို့ ပြုလုပ်ခဲ့ရသည်။

ယနေ့တွင် အီရတ်အာဏာပိုင်များသည် အစိမ်းရောင်ဇုန်အတွင်း တည်ရှိသည့် အဓိကယာဉ်သွားလမ်းများနှင့် ဥမင်လမ်းများကို ပြန်ဖွင့်ပေးခဲ့ပြီး စစ်ဆေးရေးဂိတ်များကိုလည်း ဖယ်ရှားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အီရတ်အစိုးရသည် မော်တော်ယာဉ်ငယ်များကိုသာ အစိမ်းရောင်ဇုန်ကို ဖြတ်သန်းခွင့်ပေးထားပြီး ကုန်တင်ယာဉ်များဖြတ်သန်းခွင့်ကို ပိတ်ပင်ထားဆဲဖြစ်သည်။


တိုက်ဂရစ်မြစ် အနောက်ဘက်ကမ်းပေါ်၌ တည်ရှိပြီး ဧရိယာ စတုရန်းမိုင် လေးမိုင်ကျယ်ဝန်းသော အစိမ်းရောင်ဇုန်အတွင်း၌ အီရတ်အစိုးရရုံးများ၊ နိုင်ငံခြားသံရုံးများ တည်ရှိရာနယ်မြေဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်စစ်နောက်ပိုင်းမှစ၍ ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဇုန်သည် လူဝင်၊ လူထွက် ကန့်သတ်ထားသောနယ်မြေဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ပထမဆုံးအကြိမ်ဖွင့်လှစ်ခဲ့ဖူးကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်၏ ပင်မမစ်ရှင် ဇန်နဝါရီ ၆ ရက်က အဆုံးသတ်ခဲ့ပြီဖြစ်



**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်သည် ၎င်း၏ပင်မမစ်ရှင်ကို ဇန်နဝါရီ ၆ ရက်က အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်က အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေပေါ် ဆင်းသက်ခဲ့ပြီးနောက် မစ်ရှင်သက်တမ်း အင်္ဂါဂြိုဟ်နှစ် တစ်နှစ် ကမ္ဘာမြေရက်အားဖြင့် ၆၈၇ ရက် ကြာမြင့်မည့် စူးစမ်းလေ့လာရေးပင်မမစ်ရှင်ကို စတင်ခဲ့သည်။ အင်္ဂါဂြိုဟ်ပြက္ခဒိန်အရ ဇန်နဝါရီ ၆ ရက်တွင် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်၏ ပင်မမစ်ရှင်သက်တမ်းမှာ အင်္ဂါဂြိုဟ်နှစ်တစ်နှစ် တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သို့ရာတွင် နာဆာအဖွဲ့သည် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်၏ မစ်ရှင်သက်တမ်းကို ထပ်တိုးပေးထားကြောင်း၊ အင်္ဂါဂြိုဟ်နှစ်တစ်နှစ်ကြာ ပင်မမစ်ရှင်သက်တမ်းကုန်ဆုံးပြီးနောက် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်သည် မစ်ရှင်သစ်ကို ယနေ့တွင် ပြန်လည်စတင်ပြီဖြစ်ကြောင်း နာဆာအဖွဲ့သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အင်္ဂါဂြိုဟ်နှစ်တစ်နှစ်ကြာ ပင်မမစ်ရှင်အတွင်း ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ အင်္ဂါဂြိုဟ် ရှေးဟောင်းသက်ရှိတို့၏ သဲလွန်စများကို ရှာဖွေခဲ့ပြီး အင်္ဂါဂြိုဟ် ကျောက်သားနမူနာများကိုလည်း ရယူစုဆောင်းပေးထားကြောင်း သိရသည်။

KKO

## အမေရိကန်အမျိုးသား လေထုလ္ဘာနှင့်သမုဒ္ဒရာသုတေသနအေဂျင်စီ(နိုအာ)က လွှတ်တင်ထားသည့် GOES-18 ဂြိုဟ်တု လုပ်ငန်းများစတင်လည်ပတ်

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်အမျိုးသား လေထုလ္ဘာနှင့် သမုဒ္ဒရာသုတေသန အေဂျင်စီ(နိုအာ)က လွှတ်တင်ထားသည့် GOES-18 ဂြိုဟ်တုသည် ဇန်နဝါရီ ၄ ရက်က လုပ်ငန်းများစတင်လည်ပတ်ပြီဖြစ်ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

GOES-18 ဂြိုဟ်တုသည် ပစိဖိတ်သမုဒ္ဒရာ အီကွေတာမျဉ်းအထက် အမြင့်မိုင် ၂၂၀၀၀ ကျော်၌တည်ရှိသော ပတ်လမ်းပေါ်တွင် နေရာယူ၍ ကမ္ဘာ့လေထုလ္ဘာစူးစမ်းလေ့လာရေးလုပ်ငန်းများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

GOES-18 ဂြိုဟ်တုသည် GOES-16 ဂြိုဟ်တုနှင့်ချိတ်ဆက်၍ ကမ္ဘာမြေတစ်ခြမ်းကျော်ကျော်ခန့်၏ လေထုလ္ဘာရာသီဥတုစနစ်များကို စောင့်ကြည့်ပေးမည်ဖြစ်ကြောင်း နိုအာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။



နိုအာအဖွဲ့သည် စနစ်များဖောက်ပြန်နေသည့် GOES-17 ဂြိုဟ်တုနေရာ၌ အစားထိုးရန် GOES-18 ဂြိုဟ်တုကို ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

GOES-17 ဂြိုဟ်တုသည် လုပ်ငန်းစတင်လည်ပတ်ပြီး မကြာမီမှာပင် အမေရိကန်အနောက်ဘက်ကမ်းရိုးတန်း မုန်တိုင်းဓာတ်ပုံများကို ရိုက်ကူးပေးခဲ့သည်။

GOES လေထုလ္ဘာရာသီဥတုစနစ်လေ့လာရေး ဂြိုဟ်တုများကို ၂၀၃၀ ပြည့်နှစ်ထိ အသုံးပြုရန် နိုအာအဖွဲ့က ရည်မှန်းထားကြောင်း သိရသည်။

KKO

## နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က နဂါးငွေ့တန်းကြယ်စုအနီးရှိ ဟင်းလင်းပွင့်ကြယ်အစုအဝေးတစ်ခုကို လေ့လာနိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် နဂါးငွေ့တန်းကြယ်စုအနီးရှိ ဟင်းလင်းပွင့်ကြယ်အစုအဝေးတစ်ခုကို လေ့လာနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက် ဇန်နဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဟင်းလင်းပွင့်ကြယ်အစုအဝေးသည် နဂါးငွေ့တန်းကြယ်စု၏ အရံကြယ်စုငယ်တစ်ခုဖြစ်သော ကြယ်စုတိမ်တိုက်ငယ်(SMC) အတွင်း တည်ရှိသည်။

အဆိုပါ ဟင်းလင်းပွင့်ကြယ်အစုအဝေးသည် လက်ရှိအချိန်တွင် SMC ကြယ်စုငယ်အတွင်း တိုးဝင်ပေါင်းစည်းနေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

SMC ကြယ်စုငယ်အတွင်းရှိ ဟင်းလင်းပွင့်ကြယ်အစုအဝေးကို NGC - 376 ကြယ်အုပ်စုဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

ဟင်းလင်းပွင့်ကြယ်အစုအဝေးများသည် တစ်စင်းနှင့်တစ်စင်း ခပ်ကျဲကျဲတည်ရှိသော်လည်း ဒြပ်ဆွဲအားအပြန်အလှန် သက်ရောက်မှုများကြောင့် နေရာတစ်ခုတည်း၌ စုစည်းနေသော ကြယ်များတည်ရှိရာ နယ်မြေဖြစ်သည်။

NGC - 376 ကြယ်အစုအဝေးသည် ဒြပ်ထုအားဖြင့် နေ့ဒြပ်ထုထက် အဆပေါင်း ၃၄၀၀ ခန့်သာပိုများရာ SMC ကြယ်စုငယ်ထက် ဒြပ်ထုအားဖြင့် များစွာနည်းပါးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# H E A L T H

## Lecanemab ဆေးကို FDA က အယ်ဇိုင်းမားရောဂါကုသဆေးအဖြစ် အတည်ပြု

**နယူးယောက် ဇန်နဝါရီ ၈**

အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) သည် Lecanemab အမည်ရှိ ဆေးတစ်မျိုးကို အယ်ဇိုင်းမားရောဂါကုသရေးဆေးဝါးတစ်မျိုးအဖြစ် အတည်ပြုချက်ပေးခဲ့ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

Lecanemab ဆေးသည် အယ်ဇိုင်းမားရောဂါကုသရေးဆေးအဖြစ် FDA ကအတည်ပြုခဲ့သော ဒုတိယမြောက်ဆေးဝါးဖြစ်သည်။

လက်တွေ့စမ်းသပ်မှုလုပ်ငန်းစဉ်များအတွင်း Lecanemab ဆေးသုံးစွဲခဲ့ရသူ လူနာတချို့၌ ဦးနှောက်သွေးယိုမှုပြဿနာများရှိခဲ့ကြောင်း သတင်းပို့မှုများရှိနေသည့်တိုင် ၎င်းဆေးကို အယ်ဇိုင်းမားရောဂါ ကုသရေးဆေးအဖြစ် FDA က အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါဆေး၏ ကျန်းမာရေး အကျိုးကျေးဇူးသည် ဘေးထွက်ဆိုးကျိုးများထက် များစွာပိုလွန်ကြောင်း FDA တာဝန်ရှိသူများက ပြောကြားထားသည်။

Lecanemab ဆေးသည် အယ်ဇိုင်းမားရောဂါ၏ ရောဂါလက္ခဏာများထက် ရောဂါနောက်ခံအကြောင်းတရားများအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟု FDA က ဇန်နဝါရီ ၆ ရက်တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်၌ ဖော်ပြထားကြောင်း၊ FDA သည် ၂၀၂၁ ခုနှစ် ဇွန်လအတွင်းကလည်း Aduhelm အမည်ရှိ ဆေးတစ်မျိုးကို အယ်ဇိုင်းမားရောဂါ ကုသရေးဆေးအဖြစ် အတည်ပြုချက် ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

## ကလေးအသည်းရောဂါတစ်မျိုးကုသရေးအတွက် ဆေးဝါးတစ်မျိုး သုတေသနပညာရှင်များစမ်းသပ်နေ

**နယူးယောက် ဇန်နဝါရီ ၈**

မျိုးဗီဇ ဖောက်ပြန်မှုကြောင့် ဖြစ်ပွားတတ်ပြီး ကုသ၍မရနိုင်သည့် ကလေး အသည်းရောဂါတစ်မျိုး အတွက် ဆေးတစ်မျိုးကို သုတေသနပညာရှင်များက စမ်းသပ်နေကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ တိရစ္ဆာန်များဖြင့်ပြုလုပ်ထားသော စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့် ရလဒ်များအရ NoRA 1 အမည်ရှိ အဆိုပါဆေးသည် Alagille Syndrome ခေါ် အသည်းရောဂါတစ်မျိုး၏ အကျိုးဆက်များကို တားဆီးထားနိုင်သည်။

Alagille Syndrome ရောဂါသည် မျိုးဗီဇဖောက်ပြန်မှုကြောင့် ဖြစ်ပွားတတ်သည့် အသည်းရောဂါတစ်မျိုးဖြစ်ပြီး အသည်းအတွင်းသို့ ဝင်ရောက်ရာ သည်းခြေရည်ပြွန်များ ဖွံ့စည်းဖြစ်ပေါ်မှု၊ ပြန်လည်ပေါ်ထွက်မှုတို့ကို ပိတ်ပင်ထားတတ်သော ရောဂါဖြစ်ကြောင်း၊ အဆိုပါရောဂါခံစားရပါက အသည်းအစားထိုးရန်လိုအပ်ပြီး အစားမထိုးနိုင်ပါက လူနာ ၇၅ ရာခိုင်နှုန်းခန့်မှာ ဆယ်ကျော်သက် သာသာမှာပင် အသက် ဆုံးရှုံးရတတ်ကြောင်း သိရသည်။

သို့ရာတွင် စမ်းသပ်မှုရလဒ်များအရ NoRA 1 ဆေးသည် ဆဲလ်အချင်းချင်း အချက်ပြလှိုင်းပို့နိုင်စွမ်းကို မြှင့်တင်ပေးပြီး အသည်းအတွင်း၌ သည်းခြေရည်ပြွန်ဆဲလ်များ ပွားများလာစေရန် လှုံ့ဆော်အားပေးတတ်ကြောင်း၊ လက်ရှိအချိန်တွင် အမေရိကန် သုတေသနပညာရှင်များသည် NoRA 1 ဆေးကို Alagille Syndrome ရောဂါလူနာများထံမှ ရယူထားသည့် ပင်မဆဲလ်များကိုသုံး၍ ဓာတ်ခွဲခန်းအတွင်း ဖန်တီးထားသော အသည်းဆဲလ်များဖြင့်စမ်းသပ်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## Adelaide International 1 ချန်ပီယံဆုကို ဆာဘာလင်ကာ ဆွတ်ခူး

**ဆစ်ဒနီ ဇန်နဝါရီ ၈**

ဩစတြေးလျနိုင်ငံတွင် ကျင်းပခဲ့သည့် Adelaide International 1အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ချက်တင်းနစ်မယ် နို့စ်ကိုဗာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၆-၃၊ ၇-၆)ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ နို့စ်ကိုဗာသည် Adelaide International 1တင်းနစ်ပြိုင်ပွဲကိုလက်ရည်စစ်ပွဲအဆင့်မှ ယှဉ်ပြိုင်ခဲ့ရသူဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးပုံစံရရှိကာ ဗိုလ်လုပွဲထိတက်ရောက်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် ဝါရင့်တင်းနစ်မယ် ဆာဘာလင်ကာကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ဘဲ ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရသည်။

ဆာဘာလင်ကာက "Adelaide International 1 တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာ ဝမ်းသာပါတယ်။ ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နေတဲ့ စက္ကန့်တိုင်းကို ကျေနပ်မှုရှိပါတယ်။ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ဗိုလ်လုပွဲစဉ်ဆိုတဲ့အတိုင်းခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ နို့စ်ကိုဗာဟာ ဆယ်ကျော်သက်အရွယ်ဖြစ်ပေမဲ့ ဝါရင့်ကစားသမားတစ်ယောက်လိုကစားနိုင်ခဲ့ပါတယ်။သူ့လက်စွမ်းက ချန်ပီယံဖြစ်ဖို့ ထိုက်တန်တဲ့လက်စွမ်းပါ။ နို့စ်ကိုဗာက အနာဂတ်မှာတင်းနစ်ကြယ်ပွင့်တစ်ပွင့်ဖြစ်လာလိမ့်မယ်။ အောင်မြင်မှုတွေအများကြီးဆွတ်ခူးနိုင်မဲ့ ကစားသမားတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။နောက်ထပ် အခုလိုဗိုလ်လုပွဲစဉ်တွေကို အကြိမ်ကြိမ်တက်ရောက်ခွင့် ရပါစေလို့လဲ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့သည်။

ဆာဘာလင်ကာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်းဒုတိယပွဲငယ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး tie-break အဆင့်ထိရောက်ခဲ့ပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZL



## ရီးရဲလ်မက်ဒရစ်အသင်းတွင်စပိန်ကစားသမားတစ်ဦးမှပွဲထွက် မပါဝင်သည့် ပထမဆုံးပွဲစဉ်အဖြစ် ဗီလာရီးရဲလ်အသင်းနှင့်ပွဲစဉ်တွင်မှတ်တမ်းဝင်



**မက်ဒရစ် ဇန်နဝါရီ ၈**

ရီးရဲလ်မက်ဒရစ် အသင်းသည် အသင်းကို စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၂၀ နှစ်အတွင်း စပိန်လူမျိုး ကစားသမားတစ်ဦးမှ ပွဲထွက်ခွင့်မရရှိခဲ့သည့်ပထမဆုံးပွဲစဉ်အဖြစ် ဗီလာရီးရဲလ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် မှတ်တမ်းဝင်ခဲ့သည်ဟု မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်ထိပ်တန်းကလပ်အသင်းများတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ရီးရဲလ်မက်ဒရစ်အသင်းသည် ဗီလာရီးရဲလ်အသင်းနှင့် ကစားခဲ့သည့် ပွဲထွက် ကစားသမားစာရင်းတွင် ဂိုးသမား ကော့တွိုက်နှင့်အတူ အလာဘာ၊ တိုနီခရုစ်၊ ချူအာမန်နီ၊ ရူဒီဂါ၊ ဘင်ဇီးမား၊ဗယ်ဗာဒီ၊ မန်ဒီ၊ မီလီတာအိုဗင်နီစီးယက်အစရှိသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး စပိန်လူမျိုးကစားသမားတစ်ဦးမှ ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းကိုစတင်တည်ထောင်ခဲ့ပြီး နောက်ပိုင်းတွင် ပွဲစဉ်တိုင်း စပိန်လူမျိုးကစားသမားများ အနည်းဆုံး တစ်ဦးနှင့်အထက် ပါဝင်လေ့ရှိနေသော်လည်း ဗီလာရီးရဲလ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် စပိန်လူမျိုးတစ်ဦးမှမပါဝင်ခဲ့သည့် ပထမဆုံးပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သကဲ့သို့ စပိန်လူမျိုး ပွဲထွက်ကစားသမားတစ်ဦးမှအသုံးမပြုသည့်ပထမဆုံး နည်းပြအဖြစ်လည်း အန်ဆယ်လော့တီက မှတ်တမ်းဝင်ခဲ့သည်။

လက်ရှိရီးရဲလ်မက်ဒရစ်အသင်းတွင် စပိန်လူမျိုးကစားသမားများဖြစ်သည့် နာချို၊ ကာဗာဂျယ်၊ဗက်စကွက်၊ ဗယ်လီဂျို၊ အယ်လ်ဗာရို၊ ဆီဘာယ်လော့နှင့် အဆန်စီယို အစရှိသည့် ကစားသမားများ ပါဝင်နေသော်လည်း ဗီလာရီးရဲလ်နှင့် ကစားခဲ့သည့်ပွဲစဉ်တွင် နည်းပြအန်ဆယ်လော့တီက အဆိုပါကစားသမားများကို တစ်ဦးမှအသုံးမပြုခဲ့ခြင်းဖြစ်သည်။

စပိန်လူမျိုးကစားသမားတစ်ဦးမှမပါဝင်ခဲ့သည့် အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ဗီလာရီးရဲလ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ STA

## ဇီဒန်းကို အမေရိကန်အသင်းက နည်းပြသစ်ခန့်အပ်ရန်ကမ်းလှမ်းမှု ငြင်းဆို

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်လက်ရွေးစင်အသင်းသည် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် နည်းပြဘာဟက်တာနေရာတွင်အစားထိုးရန် နည်းပြဇီဒန်းကို ကမ်းလှမ်းခဲ့ရာ ငြင်းဆိုခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဇီဒန်းသည် ၂၀၂၁ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းနှင့်လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေချိန်တွင် မန်ယူအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က နည်းပြအဖြစ်ခန့်အပ်ရန်ကမ်းလှမ်းခဲ့သော်လည်းငြင်းပယ်ခဲ့ပြီး နိုင်ငံလက်ရွေးစင်အသင်းကို တာဝန်ယူရန် ဆန္ဒရှိနေသူဖြစ်သောကြောင့် အမေရိကန်ဘောလုံးအဖွဲ့ချုပ်က နည်းပြ ဘာဟက်တာ၏နေရာတွင် အစားထိုးရန် မြင့်မားသည့်လုပ်ခလစာဖြင့်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့သော်လည်း ငြင်းဆိုခဲ့သည်။

အစောပိုင်းက နည်းပြဇီဒန်းသည် ပြင်သစ်အသင်းကို ကိုင်တွယ်ရန်ပစ်မှတ်ထားခဲ့ပြီး ယခုနှစ်မှစတင်တာဝန်ယူရန် အသင်းတာဝန်ရှိသူများနှင့် သဘောတူညီမှုရခဲ့သော်လည်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို ဗိုလ်လုပွဲထိ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြဒက်ချမ့်ကို ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့ပြီး ပြင်သစ်အသင်းကို တာဝန်ယူမည့်အစီအစဉ် ပျက်ပြယ်ခဲ့သည်။

၎င်းသည် ကစားသမားဘဝက ကမ္ဘာ့ဖလားချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် နည်းပြဘဝတွင်လည်း ချန်ပီယံလိဂ်ဖလားသုံးကြိမ်ထိရရှိအောင်စွမ်းဆောင်နိုင်ခဲ့သဖြင့် နည်းပြသစ်ရှာဖွေနေသည့် အမေရိကန်အသင်းအပြင် ဘရာဇီးအသင်းနှင့် ပေါ်တူဂီအသင်းတို့က နည်းပြသစ်ခန့်အပ်ရန်ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။ ML

## စီရော်နယ်ဒိုကို ကစားသမားမှတ်ပုံတင်နိုင်ရန် အယ်နာဆာအသင်းက အဘူဘာကာကို စာချုပ်ဖျက်သိမ်းပြီး အသင်းမှထုတ်ပယ်

**ရီယာ့ဒ် ဇန်နဝါရီ ၈**

ဆော်ဒီ ထိပ်တန်းကလပ် အယ်နာဆာအသင်းက စံချိန်တင်လုပ်ခလစာဖြင့် ခေါ်ယူထားသည့် စီရော်နယ်ဒိုကို အသင်းကစားသမားစာရင်းမှတ်ပုံတင်ပြီး ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် အသင်းမှ ဝါရင့်တိုက်စစ်ကစားသမား အဘူဘာကာကို စာချုပ်ဖျက်သိမ်းပြီး အသင်းမှ ထုတ်ပယ်ခဲ့သည်ဟု ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် တစ်နှစ်လုပ်ခစတာလင်ပေါင် ၁၇၃ သန်းဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်ပူးပေါင်းနေပြီဖြစ်သော်လည်း ဆော်ဒီလိဂ်နိုင်ငံခြား ကစားသမားအသုံးပြုမှုစည်းမျဉ်းအရ အသင်းမှ နိုင်ငံခြားကစားသမားတစ်ဦးကို ရောင်းချပြီးမှသာ စီရော်နယ်ဒိုကို ကစားသမားမှတ်ပုံတင်စာရင်းတင်သွင်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အယ်နာဆာအသင်းက စီရော်နယ်ဒိုကို ကစားသမားမှတ်ပုံတင်စာရင်းတင်သွင်းပြီးအသုံးပြုနိုင်ရန်အတွက် အသင်းမှကင်မရွန်းလူမျိုးကစားသမားတစ်ဦးဖြစ်သည့် အဘူဘာကာကို နှစ်နာကြေးပေးပြီး စာချုပ်ဖျက်သိမ်းကာ အသင်းမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အယ်နာဆာအသင်းက အဘူဘာကာကို စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် စီရော်နယ်ဒိုကို ကစားသမားမှတ်ပုံတင်စာရင်းတင်သွင်းနိုင်မည်ဖြစ်သော်လည်း၎င်းကို အသုံးပြုခွင့်ရရှိဦးမည်မဟုတ်ဘဲ မန်ယူအသင်းတွင် ကစားစဉ်က နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ထားသည့်အတွက် အယ်နာဆာ အသင်းတွင်လည်း အကျုံးဝင်မည်ဖြစ်သောကြောင့် ဇန်နဝါရီ ၂၂ ရက်တွင် ကစားမည့် အယ်တီဖက်အသင်းနှင့်ကစားမည့် ပွဲစဉ်မှသာ စတင်ပါဝင်နိုင်မည်ဖြစ်သည်။

အယ်နာဆာအသင်းနှင့်စာချုပ်ဖျက်သိမ်းခဲ့သည့် အဘူဘာကာသည် ၂၀၂၁ ခုနှစ်က ဘီဆစ်တပ်အသင်းမှ အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၉ ပွဲပါဝင်ကစားခဲ့ပြီး ၁၃ ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။ STA





### အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက ဂလာဘတ်အသင်းမှ တိုက်စစ်ကစားသမား သူရမ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီကုန်မှသာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသော်လည်း စပို့တင်းလစ္စဘွန်းကစားသမား ပက်ထရီပိုရီကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ဇန်နဝါရီ ၁၅ ရက်တွင် ကစားရမည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် ဘစ်ဆူးမား၊ ဘန်တန်ကာနှင့် ကူလူဆက်စကီးတို့ ပါဝင်နိုင်မည်မဟုတ်ဟု စပါးအသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ML

### အက်ဖ်အေဖလားပြိုင်ပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရစ္စတိုး | ၁ | - | ၁ | ဆွမ်ဆီး |
| ဒါဘီ | ၃ | - | ၀ | ဘန်စလေ |
| ကာဒစ် | ၂ | - | ၂ | လိဒ် |
| ဟာတယ်ပိုး | ၀ | - | ၃ | စတုတ် |
| နော့ဝှစ်ချ် | ၀ | - | ၁ | ဘလက်ဘန်း |

(ဝ၄ဝ)

# ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၇ ပွဲဆက် ရှုံးပွဲမရှိသည့် နယူးကာဆယ်အသင်း အက်ဖ်အေဖလားတတိယအဆင့်တွင် ရှုံးပွဲကြုံတွေ့

**လန်ဒန် ဇန်နဝါရီ ၈**

နယူးကာဆယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် လိဂ်ဖလားပူး အသင်းကိုရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီး ပြိုင်ပွဲစုံ ၁၇ ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းကိုပိုင်ဆိုင်ခဲ့သော်လည်း အက်ဖ်အေဖလား တတိယအဆင့်တွင် အင်္ဂလန်လိဂ်ဝမ်း ရှက်ဖီးလ်(W)အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။



နယူးကာဆယ် အသင်းသည် ယခုရာသီ ပြိုင်ပွဲစုံတွင် ရလဒ်ကောင်းများရယူနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်က ကစားခဲ့သည့် လိဗာပူးအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်တစ်ပွဲကိုသာ ရှုံးနိမ့်ခဲ့သကဲ့သို့ ပြိုင်ပွဲစုံ ၁၇ ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၃၅ မှတ်ဖြင့် အဆင့်(၃)နေရာ၌ ရပ်တည်နေသော်လည်း အက်ဖ်အေဖလားပွဲစဉ်တွင် လိဂ်ဝမ်းကလပ် ရှက်ဖီးလ်(W)အသင်းကို ရှုံးနိမ့်၍ မှတ်တမ်းကောင်းတစ်ရပ် ရပ်တန့်ခဲ့ရသည်။

နည်းပြဟိုဝီသည် ရှက်ဖီးလ်(W) အသင်းနှင့်ပွဲစဉ်တွင် အဓိက ကစားသမားအများအပြားနှင့် ပွဲထွက်ခဲ့ရာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင်ခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်မှုအားနည်းချက်ကြောင့် ဂိုးမရခဲ့ဘဲ ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းတွင် ရှက်ဖီးလ်(W)အသင်းက တန်ပြန်တိုက်စစ်မှ တစ်ဆင့်ဖိအားပေးခဲ့ရာ ပွဲချိန် ၅၂ မိနစ်နှင့် ပွဲချိန် ၆၅ မိနစ်တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် နယူးကာဆယ်အသင်း ဖိအားအောက် ကျရောက်ခဲ့ကာ လူစားလဲမှုပြုလုပ်ပြီး တိုက်စစ်မြှင့်တင်ခဲ့သော်လည်း ပွဲချိန် ၆၉ မိနစ်တွင် ချေပဂိုးတစ်ဂိုးသာ ရရှိခဲ့ပြီး နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အက်ဖ်အေဖလား ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့် နယူးကာဆယ် အသင်းသည် ကွာရာဘောင်းဖလား ပြိုင်ပွဲနှင့်အမှတ်ပေးပြိုင်ပွဲတို့ကိုသာ အာရုံစိုက်ရမည်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်တွင် ကွာရာဘောင်းဖလား ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် လက်စတာအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

ML

# မန်ယူအသင်းက ဝက်ဟို့စ်ကိုခေါ်ယူရန် ဘန်လေအသင်းနှင့် ဆွေးနွေးမှုပြုလုပ်

**မန်ချက်စတာ ဇန်နဝါရီ ၈**

မန်ယူအသင်းသည် အသင်းတိုက်စစ်ပိုင်းမှ စီရော်နယ်ဒိုထွက်ခွာခဲ့သောကြောင့် ၎င်း၏နေရာတွင် အစားထိုးနိုင်ရန် တူရကီကလပ် ဘီဆစ်တပ်အသင်းထံ အငှားသွားရောက်ကစားနေသည့် ဘန်လေအသင်းမှ ဝက်ဟို့စ်ကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း 90 Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် အစောပိုင်းက ပီအက်စ်ဗွီအသင်းမှဂက်ပိုနှင့် အစားထိုးရန်အကြိုသဘောတူညီမှု ရရှိခဲ့သော်လည်း ဂက်ပိုက လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သဖြင့် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ဘီဆစ်တပ်အသင်းတွင် ခြေစွမ်းပြနေသည့် ဝက်ဟို့စ်ကို ခေါ်ယူရန် ဘန်လေအသင်းနှင့် ဆွေးနွေးလျက်ရှိနေသည်။

လက်ရှိတွင် ဝက်ဟို့စ်သည် ဘန်လေအသင်းမှ ဘီဆစ်တပ်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ကစားနေသကဲ့သို့ စာချုပ်သက်တမ်းကုန်ဆုံးပါက အပြီးသတ်ဝယ်ယူခွင့်ပါရှိသော်လည်း ကစားသမားအနေဖြင့် မန်ယူအသင်း၏ ကမ်းလှမ်းမှုကိုလက်ခံခဲ့ကာ လက်ရှိအပြောင်းအရွှေ့ကာလ၌ပြောင်းရွှေ့ရန်ဆန္ဒရှိနေသည့်အတွက် မန်ယူအသင်းတာဝန်ရှိသူများက ဘန်လေအသင်းနှင့်ဆွေးနွေးနေခြင်းဖြစ်ပြီး အငှားစာချုပ်ဖျက်သိမ်းကြေးပေး၍ ခေါ်ယူခဲ့ပါက ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ML



# မန်ယူအသင်း၏ လုပ်ခလစာကန့်သတ်မည့် စည်းမျဉ်းသစ်ကြောင့် အဓိကကစားသမားအများစု ထွက်ခွာဖွယ်ရှိနေ

**မန်ချက်စတာ ဇန်နဝါရီ ၈**

မန်ယူအသင်းက စီရော်နယ်ဒို စည်းမျဉ်းဟုအမည်ပေးပြီး အသင်းမှကစားသမားများကို လုပ်ခလစာကန့်သတ်မည့်စည်းမျဉ်းသစ်ကြောင့် ရက်ရှိဖို့အပါအဝင် အဓိက ကစားသမားအများစု ထွက်ခွာဖွယ်ရှိနေသည်ဟု 90Min သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းနည်းပြ တန်ဟတ်က အသင်းမှ ကစားသမားများအကြား လုပ်ခလစာကွာဟမှုကျဉ်းမြောင်းစေရန်အတွက် အသင်းမှကစားသမားတိုင်းကို တစ်ပတ်လုပ်ခစတာလင်ပေါင် ၂၀၀၀၀၀ ထက်မပိုသည့် စည်းမျဉ်းဖြင့်ထိန်းချုပ်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းက စီရော်နယ်ဒိုကို တစ်ပတ်လုပ်ခစတာလင်ပေါင် ၅၀၀၀၀၀ ထိပေးချေခဲ့ရသော်လည်း ကွင်းတွင်း၊ ကွင်းပြင်ပြဿနာများဖြစ်ပွားခဲ့ပြီးနောက် အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက်ပိုင်း နည်းပြ တန်ဟတ်နှင့်မန်ယူအသင်းတာဝန်ရှိသူများက လုပ်ခလစာကန့်သတ်သည့်စည်းမျဉ်းကိုအသုံးပြုရန် စီစဉ်လာခြင်းဖြစ်သည်။

အသင်းမှ ကစားသမားများအကြား လုပ်ခလစာကွာဟမှုများပြားသည့်အတွက် အဝတ်လဲခန်းအတွင်း မလိုလားအပ်သည့်ပြဿနာများဖြစ်ပွားလေ့ရှိသည့်အတွက် နည်းပြတန်ဟတ်က အသင်းမှကစားသမားများအကြား လုပ်ခလစာကွာဟမှုကိုလျှော့ချရန်အတွက် လုပ်ခလစာကန့်သတ်သည့်စည်းမျဉ်းကိုကျင့်သုံးရန် စတင်ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းတွင်လုပ်ခလစာအများဆုံးကစားသမားအဖြစ် ဒီဂီယာက တစ်ပတ်လုပ်ခ စတာလင်ပေါင် ၃၅၀၀၀၀ ထိရရှိနေပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဆိုပါက လုပ်ခလစာကို ထက်ဝက်ခန့်နီးပါးလျှော့ယူရဖွယ်ရှိနေကာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရက်ရှိဖို့အပါအဝင် အဓိက ကစားသမားအများစုမှာစာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် လုပ်ခလစာလျှော့ယူမည်ဆိုပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။

STA

# ဂါစီယာကိုအနိုင်ရရှိပြီး WBA(Regular) လိုက်ဝိတ်တန်းချန်ပီယံဆုကို ဂါဗွန်တာကာကွယ်နိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၈**

WBA(Regular)လိုက်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂါဗွန်တာနှင့် စိန်ခေါ်သူ ဒိုမီနီကန်လက်ဝှေ့သမား ဂါစီယာတို့ ယနေ့တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်၌ ထိုးသတ်ခဲ့ရာ ဂါဗွန်တာကဒိုင်ပွဲရပ်ဖြင့်အနိုင်ရရှိပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း ABC News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဂါဗွန်တာက ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး ရှစ်ချီမြောက်တွင်ဂါစီယာကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂါဗွန်တာအနေဖြင့် အနိုင်ရရှိခဲ့သော်လည်း အားပါပြင်းထန်သည့် ဂါစီယာ၏ ထိုးချက်ကြောင့် ဦးခေါင်းနာကျင်ခဲ့ကာ မျက်လုံးဝေဝါးခဲ့ရသည့်အတွက် ကာလတစ်ခုအထိအနားယူသွားရမည်ဖြစ်သည်။

ဂါဗွန်တာက "ခက်ခဲတဲ့ စိန်ခေါ်ပွဲဖြစ်လာမယ်ဆိုတာ ကြိုသိနေလို့ ဂါစီယာကို ကျွန်တော့်ဘက်က လှည့်စားပြီး ထိုးသတ်ခဲ့ပါတယ်။ ယောင်ပြထိုးချက်တွေ မျက်လုံးအမူအရာတွေနဲ့ သူ့ကိုလှည့်စားခဲ့တယ်။ အဓိကကတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာကိုလှည့်စားပြီး ထိုးသတ်ခဲ့တာဖြစ်ပါတယ်။ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ကို အနိုင်ရဖို့အတွက် နည်းလမ်းပေါင်းစုံ သုံးရပါတယ်။ ဒီနိုင်ပွဲဟာ ကျွန်တော့်အတွက် တန်ဖိုးရှိတဲ့နိုင်ပွဲပါ။ ဖြေလကျရင် ရှိုင်ယန်ဂါစီယာနဲ့ ထိုးသတ်ဖို့ရှိပါတယ်။ ရှိုင်ယန်နဲ့ပွဲအတွက် အကောင်းဆုံးပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့သည်။

ဂါဗွန်တာသည် ဧပြီ ၁၅ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ အမေရိကန်လက်ဝှေ့သမားရှိုင်ယန်ဂါစီယာနှင့် ထိုးသတ်ရန် စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

AZL

# မြန်မာကြက်တောင်မယ်သက်ထားသူဇာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ပြန်လည်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့် (၅၉)နေရာတွင်ရပ်တည်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာကြက်တောင်မယ်သက်ထားသူဇာသည် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်၏ ဇန်နဝါရီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ ပြန်လည်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့် (၅၉)နေရာ၌ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။



သက်ထားသူဇာသည် ၂၀၂၀ ပြည့်နှစ်၊၂၀၂၁ခုနှစ်တို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့်ပြိုင်ပွဲ အများစုဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် ကမ္ဘာ့အဆင့်(၈၀)ကျော်ထိ ကျဆင်းခဲ့ရသော်လည်း ၂၀၂၂ ခုနှစ်အတွင်း ပြိုင်ပွဲများဆက်တိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ၂၀၂၂ ခုနှစ် နောက်ဆုံးအဆင့်သတ်မှတ်ချက်ဖြစ်သည့် ဒီဇင်ဘာ ၂၀ ရက် အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့် (၆၃)နေရာတွင် ရပ်တည်ခဲ့ရာမှ ယခုအခါအဆင့် လေးဆင့်ပြန်လည်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့်(၅၉) နေရာတွင် ရပ်တည်ခဲ့သည်။

သက်ထားသူဇာသည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ ၁၄ ခုပါဝင်ယှဉ်ပြိုင်ကစားခဲ့ရာမှ ရမှတ်ပေါင်း ၂၆၄၁၀ မှတ်ထိရရှိခဲ့ပြီး ဘာရိန်းအင်တာနေရှင်နယ်စီးရီးပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိခဲ့သည့်အတွက် ရမှတ်များ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လ ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ၅၇ နေရာထိရပ်တည်ခဲ့ပြီး အဆိုပါ ကမ္ဘာ့အဆင့် သတ်မှတ်ချက်သည် ကစားသမားဘဝ၌အမြင့်ဆုံးအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

STA

### အီတလီစီးရီးအေပြိုင်ပွဲ ရလဒ်

| | | | | |
|---|---|---|---|---|
| ဆလာနီတာနာ | ၁ | - | ၁ | တိုရီနို |
| လာဇီယို | ၂ | - | ၂ | အမ်ပိုလီ |
| စပီဇီယာ | ၀ | - | ၀ | လက်ချီ |

(၀၄၀)

# ကိုဗစ်-၁၉ အလွန် ဗီယက်နမ်၏ စီးပွားရေးအလားအလာ

**မောင်စိန်အိ(နဘဲမြေ)**

ဗီယက်နမ်နိုင်ငံ၏ မူဝါဒချမှတ်သူများသည် ၂၀၂၂ ခုနှစ်အတွင်း တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ကျေနပ်အားရလျက်ရှိသည်။ ဗီယက်နမ်သည် ၂၀၂၂ ခုနှစ်အတွင်း အာရှ၌ စီးပွားရေးစွမ်းဆောင်နိုင်မှု အကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ အထူးသဖြင့် တရုတ်နိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဗီယက်နမ်နိုင်ငံက ဆွဲဆောင်နိုင်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သောစီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ဆောင်ကြဉ်းနိုင်ခဲ့သည်။ အခြားသောနိုင်ငံများမှ ခေါင်းဆောင်များသည် ဗီယက်နမ်၏ ပုံစံအတိုင်း လိုက်ပါလုပ်ဆောင်ခဲ့ကြရသည်။

၂၀၂၂ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်နိုင်မှုသည် အထင်ကြီးလေးစားလောက်ပေသည်။ Apple၏ အရောင်းကွင်းဆက်တွင် လုပ်ငန်းလည်ပတ်နေသော တရုတ်(တိုင်ပေ) ကုမ္ပဏီ ၁၁ ခုသည် ဗီယက်နမ်သို့လာရောက်လုပ်ဆောင်လာခဲ့ပြီး တက်ဘလက်နှင့် စမတ်ဖုန်းများတိုးမြှင့်ထုတ်လုပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ တရုတ်(တိုင်ပေ) ကုမ္ပဏီဖြစ်သော Lego သည် ဗီယက်နမ်နိုင်ငံ ဘင်ဒေါင်းပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိသော စက်ရုံတစ်ခုဖွင့်လှစ်ခဲ့သည်။ ၎င်းစက်ရုံတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်စံနှုန်းများနှင့် ကိုက်ညီသော နောက်ဆုံးပေါ်နည်းပညာများ တပ်ဆင်ထားရှိသည်။

မူလကတည်းက ဗီယက်နမ်၌ ရင်းနှီးမြှုပ်နှံလျက်ရှိသော Samsung နှင့် Intel တို့ကဲ့သို့သော နိုင်ငံခြားကုမ္ပဏီများသည် လုပ်ငန်းလည်ပတ်မှုကို ပိုမိုနက်ရှိုင်းစွာ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိရာ စီမံကိန်းအသစ် ၁၅၇၀ သည် တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၉ ဘီလီယံ ထိရှိလာခဲ့သည်။ သွင်းကုန်၊ ထုတ်ကုန်တန်ဖိုးသည် ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၃ ဘီလီယံထိရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွင်း GDP တိုးတက်မှုကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ခုနှစ်ရာခိုင်နှုန်းရှိကြောင်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်က ၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း အသီးသီး ခန့်မှန်းတွက်ချက်ခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံသူများသည် ဗီယက်နမ်နိုင်ငံတွင် စီးပွားရေးလုပ်ဆောင်ရန် စိတ်ပါဝင်စားလျက်ရှိရာ အမေရိကန်၏ အခွန်ငွေ တိုးမြှင့်ကောက်ခံမှုများကြောင့် တရုတ်နိုင်ငံရှိစီးပွားရေးလုပ်ငန်းများကုန်ကျစရိတ် ပိုမိုမြင့်တက်လာသည့် ၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများအရှိန်မြှင့်တင်လုပ်ဆောင်လာခဲ့သည်။ ကုမ္ပဏီများစွာသည် တရုတ်နိုင်ငံတွင် ကုန်ထုတ်လုပ်မှုများလုပ်ဆောင်နေသည့်အချိန်တွင် ဖြစ်ပေါ်လာနိုင်သော မသေချာမရေရာမှုများကြောင့် ဗီယက်နမ်နိုင်ငံတွင်လည်း စက်ရုံအချို့ဆက်လက်ဖွင့်လှစ်ထားခဲ့သည်။ အမေရိကန်၏ တရုတ်နိုင်ငံအပေါ် ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံလာမှုများကြောင့် တရုတ်နိုင်ငံရှိကုမ္ပဏီများသည် ဗီယက်နမ်သို့ရွှေ့ပြောင်းကာ ကုန်ထုတ်လုပ်မှုများ လုပ်ဆောင်လာခဲ့သည်။

၂၀၁၉ ခုနှစ် ပထမလေးလတာ ကာလအတွင်း အမေရိကန်သို့ဗီယက်နမ်၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ၄၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး နည်းပညာနယ်ပယ်များတွင် နှစ်ဆခန့်မြင့်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်၏လုပ်သားတစ်ဦး လုပ်ခလစာသည် တရုတ်နိုင်ငံ၏ လုပ်သားတစ်ဦးလုပ်ခလစာ ထက်ဝက်ခန့်သာရှိသောကြောင့် ပြည်ပကုမ္ပဏီများကို ပိုမိုဆွဲဆောင်နိုင်ခဲ့သည်။ ထို့ပြင် တရုတ်သမ္မတရှီကျင့်ဖျင်၏ ကိုဗစ်-၁၉ ရောဂါ လုံးဝကင်းစင်ပပျောက်ရေးမူဝါဒကြောင့် ၂၀၂၀ ပြည့်နှစ်မှစ၍ တရုတ်နိုင်ငံရှိ FDI များထွက်ခွာမှု မြင့်တက်လာခဲ့သည်။ ထိုသို့ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးမူဝါဒများတင်းကျပ်မှုသည် ကုမ္ပဏီများကို ကိုဗစ်-၁၉ ရောဂါ မတိုင်မီကာလကလို ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်ရန် ခက်ခဲစေမည်ဖြစ်သည်။



ဗီယမ်နမ်နိုင်ငံသည် စီးပွားရေးကြံ့ကြံ့ခံနိုင်မှုကို ထိန်းသိမ်းထားရင်း ကြိုတင်ကာကွယ်ရေးမဟာဗျူဟာများနှင့် ကာကွယ်ဆေးထိုးနှံခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို သိသိသာသာလျှော့ချနိုင်ခဲ့သည်။ ဗီယက်နမ်သည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ခဲ့သောကြောင့် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံ စာရင်းတွင် ရပ်တည်နိုင်ခဲ့သည်ဟု နစ်ကီအာရှက ကောက်ချက်ချခဲ့သည်။ အထူးသဖြင့် ပြဿနာဖြစ်ပွားနေသော နေရာများမှ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (FIEs) များကို ဆွဲဆောင်နိုင်ခဲ့သည်။

စင်စစ်အားဖြင့် ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်၏ စီးပွားရေးသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်လာရေး လှုပ်ရှားမှုများကိုကိုင်တွယ်နိုင်စွမ်း ရှိ၊ မရှိ မသေချာသေးပေ။ အကြောင်းမှုကာ ထိုစဉ်က အခြေခံအဆောက်အအုံနှင့် လူသားအရင်းအမြစ်တို့မှာ သိသိသာသာ တိုးတက်မှုမရှိသေးသောကြောင့်ပင် ဖြစ်သည်။ သို့သော် ဗီယက်နမ်သည် ထိုစဉ်ကမျှော်မှန်းထားသည်ထက်စွမ်းဆောင်ရည်ပိုမိုကြောင်းကို သက်သေပြသနိုင်ခဲ့သည်။ တိုင်းပြည်ခေါင်းဆောင်များသည် အနာဂတ်ကိုမျှော်တွေးကာ အကောင်အထည်ဖော်နိုင်ခဲ့သည်။

နိုင်ငံတကာမီဒီယာများသည် ဗီယက်နမ်နိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကြိုးပမ်းမှုများကို အလေးပေးဖော်ပြခဲ့သည်။ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များအပါအဝင် နိုင်ငံရေးသမားများနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၂၀၀ ကိုပစ်မှတ်ထား၍ အရေးယူဖော်ထုတ်ခဲ့သည်။ အစိုးရသည် အုပ်ချုပ်မှုနှင့်လုပ်ထုံးလုပ်နည်းများကို ပြုပြင်ဖော်ဆောင်ကြိုးပမ်းခဲ့သဖြင့် အဂတိလိုက်စားမှုများ လျှော့ချနိုင်ခဲ့သည်။

၂၀၂၁ ခုနှစ်အတွင်း ပြည်နယ်အလိုက်ယှဉ်ပြိုင်နိုင်စွမ်း အညွှန်းကိန်း (PCI) စစ်တမ်းအရ ပြည်တွင်းနှင့် ပြည်ပ စီးပွားရေးလုပ်ငန်းများ၏ စောဒကတက်မှုများ ကျဆင်းလာခဲ့သည်။ ဆိုလိုသည်မှာ စီးပွားရေးလုပ်လုပ်ငန်းများပြောင်းလဲလုပ်ဆောင်ရာတွင် ပုံမှန်မဟုတ်သော ပေးဆောင်ရမှုများသည် ၂၀၁၆ ခုနှစ်တွင် ၆၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၄၁ ရာခိုင်နှုန်းသို့ လျော့နည်းလာခဲ့သည်။ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ပုံမှန်မဟုတ်သောပေးချေရမှုများ မရှိတော့သဖြင့် သတင်းပို့အစီရင်ခံမှု ၄၁ ဒသမ ၉ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။

နိုင်ငံတော်အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာအစီအစဉ်နှင့် အမျိုးသားဒစ်ဂျစ်တယ် ပြောင်းလဲမှုစီမံကိန်းတို့မှတစ်ဆင့် အစိုးရ၏အုပ်ချုပ်မှုနှင့် လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲဖော်ဆောင်ခဲ့သဖြင့် အဂတိလိုက်စားမှုများနှင့် မလိုလားအပ်သော ငွေတောင်းခံမှုများကို လျှော့ချနိုင်ခဲ့သည်။ အီလက်ထရွန်နစ်စနစ်ကို အခြေခံသော အုပ်ချုပ်မှုပုံစံသည် အောက်ခြေအဆင့်အရာရှိများ၏ မလိုတစ်မျိုး၊ လိုတစ်မျိုးပုံစံများကို ဖယ်ရှားခြင်းအားဖြင့် အဂတိလိုက်စားမှုကို လျှော့ချပေးနိုင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏မူဝါဒချမှတ်သူများသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဖော်ဆောင်လျက်ရှိသည်။ ၂၀၁၈ ခုနှစ် အဆင့်မြင့်ပညာရေးဥပဒေကို ပြန်လည်ဆန်းသစ်ခဲ့သည်။ အထူးသဖြင့် လူသားအရင်းအမြစ် တိုးတက်မှုကို အလေးထားဖော်ဆောင်ခဲ့သည်။ လုပ်ခလစာနည်းပါးခြင်းနှင့် အဆင့်မြင့်ပညာတတ်မြောက်မှုသည် FIEs ကို ပိုမိုဆွဲဆောင်နိုင်ခဲ့သည်။

၂၀၂၁ ခုနှစ် PCI စစ်တမ်းအရ ဗီယက်နမ်နိုင်ငံတွင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ လုပ်ဆောင်လာသဖြင့် FIEs များက အနာဂတ်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကောင်းဘက်မှ ရှုမြင်လာခဲ့သည်။ ဒေသခံအလုပ်သမားများသည် အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ထားသဖြင့် စွမ်းဆောင်ရည်များ တဖြည်းဖြည်းချင်း တိုးတက်လာလျက်ရှိသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရေးအတွက် အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်းသည်လည်း ဗီယမ်နမ်မူဝါဒချမှတ်သူများ၏ ရည်မှန်းချက်ပန်းတိုင်တစ်ခုပင်ဖြစ်သည်။ ဗီယက်နမ်၏အခြေခံအဆောက်အအုံသည် နိုင်ငံခြားကုမ္ပဏီများရင်းနှီးမြှုပ်နှံမှုနေရာရွေးချယ်ရေးအတွက် ယှဉ်ပြိုင်နိုင်စွမ်း ရှိ၊ မရှိကို ၂၀၁၈ ခုနှစ် PCI စစ်တမ်း၌ ဖော်ပြထားသည်။ သို့သော် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း လမ်းပိုင်းဆိုင်ရာအရည်အသွေး၊ ဆိပ်ကမ်းများမှအဝေးပြေးလမ်းများသို့ ဆက်သွယ်နိုင်မှုများနှင့် အမြန်ရထားလမ်းများ ချိတ်ဆက်နိုင်မှုသည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း ရင်းနှီးမြှုပ်နှံသူများက အကဲဖြတ်ခဲ့သည်။ နည်းပညာမြင့်မားသော အီလက်ထရွန်နစ် စက်မှုလုပ်ငန်းရှိ လုပ်ငန်းရှင်များသည် အခြေခံအဆောက်အအုံများအပေါ် အပြုသဘောဆောင်စွာ ရှုမြင်လာခဲ့သည်။

သို့သော် အခြေခံအဆောက်အအုံနယ်ပယ်များတွင် လုပ်ဆောင်ရန် များစွာရှိနေဆဲပင်ဖြစ်သည်။ အဂတိလိုက်စားမှုအလုံးစုံလျှော့ချရေး၊ လူသားအရင်းအမြစ်နှင့် အခြေခံအဆောက်အအုံတိုးတက်ရေးတို့ကို ဆက်လက် လုပ်ဆောင်သွားရဦးမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဗီယက်နမ်၏ ကိုဗစ်-၁၉ အလွန် အောင်မြင်မှုများက ကမ္ဘာ့နိုင်ငံများအနေဖြင့် ပုံမှန်ကြိုးပမ်းအကောင်အထည်ဖော်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သောအနာဂတ်ကို တည်ဆောက်နိုင်ကြောင်း သက်သေပြလျက်ရှိသည်။

စင်စစ်အားဖြင့် ဗီယက်နမ်၏ စီးပွားရေးသည် လွန်ခဲ့သောဆယ်စုနှစ် အနည်းငယ်အတွင်းကတည်းကပင် သိသိသာသာဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး စီးပွားရေးလုပ်ငန်းမှသည် အလျင်မြန်ဆုံး တိုးတက်လာသည့် စီးပွားရေးအဖြစ်သို့ ပြောင်းလဲတိုးတက်လာခဲ့သည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကာလ၌ပင်လျှင် FDI များစွာကို ဆွဲဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်သဖြင့် ကိုဗစ်-၁၉ အလွန်ကာလတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများ ပိုမိုပိုင်ဆိုင်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Vietnam makes a model recovery from Covid-19 by Asia Times.**

# တောင်သာမြို့နယ် ရှောက်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**တောင်သာ ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထပ်တိုးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ရှောက်ပင်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လင်းလင်းနွယ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) တာဝန်ခံတို့နှင့်အတူ ရှောက်ပင်ကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လင်းလင်းနွယ်က ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ တာဝန်ရှိသူများက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ရှောက်ပင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြု၍ လမ်းအရှည် ၅၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လင်းလင်းနွယ်က ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# သရုပ်ဆောင် ခန့်စည်သူက ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးရင်ပြင်တော်ရှိ မင်းဖူးတန်ဆောင်းကြီးရွေးမှုမပျက် ပြန်လည်ပြုပြင်နိုင်ရန် ငွေကျပ် ၁၀ သိန်းလှူဒါန်း




**ရန်ကုန် ဇန်နဝါရီ ၈**

သရုပ်ဆောင် ခန့်စည်သူက ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ မင်းဖူးတန်ဆောင်းကြီးအား ရွေးမှုမပျက် ပြန်လည်ပြုပြင်နိုင်ရန် မတည်အလှူငွေကျပ် ၁၀ သိန်းကို ဇန်နဝါရီ ၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ခန့်စည်သူက ပြည်မြို့ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ မင်းဖူးတန်ဆောင်းကြီးအား ရွေးမှုမပျက် ပြန်လည်ပြုပြင်နိုင်ရန်အတွက် မတည်အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်မြို့ ရွှေဆံတော်စေတီ ရင်ပြင်တော်မှာရှိတဲ့ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်တဲ့ မင်းဖူးရွေးဟောင်းသစ်သားတန်ဆောင်းကြီး ပြုပြင်ဖို့အတွက် လှူဒါန်းခဲ့ပါတယ်။ နိဗ္ဗိန္ဒတောင်တောရကျောင်းတိုက်မှာ သီလရှင်ဆရာကြီး၊ ဆရာလေးတွေကိုလဲ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ စားသောက်ကုန်နဲ့ ဆေးဝါးပစ္စည်းလေးပါ လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

သရုပ်ဆောင် ခန့်စည်သူသည် ပြည်မြို့ရှိ နိဗ္ဗိန္ဒတောင်တောရကျောင်းတိုက်တွင် သီတင်းသုံးသည့် သီလရှင်ဆရာကြီး၊ ဆရာလေးများကို ဆွမ်းဆန်တော် ငါးအိတ်၊ ဆီငါးပိဿာအပါအဝင် စားသောက်ကုန်နှင့် ဆေးဝါး စုစုပေါင်း ငွေကျပ် ငါးသိန်းဖိုးခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Dune:Part Two ဇာတ်ကား၌ မင်းသား တင်ဘလိတ်နယ်ဆင် သရုပ်ဆောင်ထား

**နယူးယောက် ဇန်နဝါရီ ၈**

Dune:Part Two ဇာတ်ကား၌ မင်းသား တင်ဘလိတ်နယ်ဆင် ပါဝင်သရုပ်ဆောင်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၇ ရက်တွင် ရေးသား တင်ပြထားသည်။

Dune:Part Two တွင် တင်ဘလိတ်နယ်ဆင်သည် မင်းသား တီမိုသီချားမက်၊ အော်စတင်ဘတ္တလာ၊ မင်းသမီး ရီဘက်ကာဖာဂူဆန်၊ ဖလောရင့်ပက်တို့နှင့်အတူ သရုပ်ဆောင်ထားသည်။

Dune:Part Two ဇာတ်ကား၌ တင်ဘလိတ်နယ်ဆင် ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကောင်နေရာကို ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီက ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် Dune (2021) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး စာရေးဆရာ ဖရင့်ဟားဘတ်၏ Dune သိပ္ပံဝတ္ထု ဒုတိယပိုင်းကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

Dune:Part Two ကို Dune (2021) ဒါရိုက်တာ ဒင်းနစ်ဗီလီနော့ကပင် ရိုက်ကူးထားခြင်းဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ်သော အဆိုပါဇာတ်ကားကို ယခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသား ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO




# ပိုလ်တထောင်မြို့နယ် ဝန်ကြီးများရုံးအဆောက်အအုံတွင် မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ ကျင်းပသွားမည်

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး အဆောက်အအုံတွင် မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ ကို ဇန်နဝါရီ ၂၇ ရက်မှ ဇန်နဝါရီ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောပြ၍ သိရသည်။

အဆိုပါ မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားကုမ္ပဏီအခု ၂၀ က ပြခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ခရီးသွားဒေသများရှိ အလှအပဓာတ်ပုံများ၊ ခရီးစဉ်ဒေသများရှိ အထင်ကရနေရာများ၏အကြောင်းအရာများကို ဗီဒီယိုကလစ်များဖြင့် ပြပွဲလာသူများကို ရှင်းလင်းပြသကာ ခရီးစဉ်များ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်ထိ ဝန်ကြီးများရုံးမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အများပြည်သူတွေ အခမဲ့ လာရောက်ကြည့်ရှုဖို့လဲ ဖိတ်ခေါ်ပါတယ်။ ၂၀၂၃ ခရီးသွားပြပွဲမှာ ပြခန်းပေါင်း ၂၀ ကျော် ပြသမှာဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားကုမ္ပဏီတွေ၊ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းတွေရဲ့ ခရီးစဉ်တွေ၊ လေယာဉ်လက်မှတ်တွေကို ရောင်းချသွားမှာဖြစ်ပါတယ်။ ကိုဗစ်ကူးစက်မှု လျော့နည်းလာချိန်မှာ မြန်မာ့ခရီးသွားကဏ္ဍ ပြန်လည်စတင်နိုင်ဖို့ရည်ရွယ်ပြီး ခရီးသွားပြပွဲတွေ လုပ်ဆောင်တာဖြစ်ပါတယ်"ဟု ဦးနောင်းနောင်းဟန်က ပြောပြသည်။




အလားတူ မြန်မာ့ခရီးသွားကဏ္ဍကို ပြန်လည်မြှင့်တင်ရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းအနေဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ Yogyakarta မြို့တွင် ကျင်းပမည့် Asean Tourism Forum အာဆီယံခရီးသွားပြပွဲနှင့် ၂၀၂၃ ခုနှစ် မတ်လတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် မော်စကို အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲ ၂၀၂၃ တွင်လည်း မြန်မာ့ခရီးသွားကုမ္ပဏီများ သွားရောက် ပြသမည်ဖြစ်ကြောင်း သိရသည်။

ASH

# Them! ထိတ်လန့်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဂီယာချီနို ရိုက်ကူးမည်

**နယူးယောက် ဇန်နဝါရီ ၈**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီအတွက် Them! အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဂီယာချီနိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၇ ရက်တွင် ရေးသား တင်ပြထားသည်။

Them! ဇာတ်ကားသည် ကမ္ဘာကျော်ထိတ်လန့်သည်းဖို ထူးဆန်းသတ္တဝါဇာတ်ကားဖြစ်သည့် Them! (1954) ကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အော်စကာဆုရတေးပြုစာဆိုအဖြစ်မှ ဒါရိုက်တာတစ်ဦးဖြစ်လာသော ဂီယာချီနိုသည် Marvel စတူဒီယိုအတွက် Werewolf by Night ရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးပေးခဲ့ဖူးသည်။

မူလ Them!(1954) သည် ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များကြောင့် အရွယ်အစားကြီးမားလာသည့် ပုရွက်ဆိတ်ကြီးများ၏ အန္တရာယ်ကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Them! ဇာတ်ကား ရိုက်ကူးထုတ်လုပ်မည့်အချိန်နှင့် ပါဝင်မည့် သရုပ်ဆောင်များစာရင်းကို ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

KKO




# ဆီဆိုင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲနည်းအစီအစဉ် (AVIP) သင်တန်း ပို့ချ

**ဆီဆိုင် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်တိုး အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဝင် ကျေးရွာသုံးရွာမှ ကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲနည်းအစီအစဉ် (AVIP) သင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်လှဝိုင်းနွယ် (နည်းပညာ)နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲနည်းအစီအစဉ်နှင့် ပတ်သက်သည့် သင်ခန်းစာများ၊ စီမံကိန်းရေးဆွဲနည်း သင်ခန်းစာများကို သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ထီအုံးစောက်ကျေးရွာ၊ တနိုင်းမွန်းကျေးရွာနှင့် ထီလုံးဆူကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ကျေးရွာသယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲနည်း၊ အိမ်ထောင်စုစာရင်းကောက်ယူခြင်း၊ (၄၈) ဖယားဖြည့်သွင်းနည်း၊ နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲနည်းအစီအစဉ်နှင့် ပတ်သက်သည့် သင်ခန်းစာများကို တစ်ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချခဲ့ကြောင်း ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်ထံမှ သိရသည်။

မောင်ခိုင်

# Foreign investments in Myanmar reach more than US$1.8 billion from 1 Jan to 27 Dec 2022



An aerial view of Thilawa Special Economic Zone.

**Yangon January 8**

The Directorate of Investment and Company Administration stated that the authorities approved more than US$1.8 billion of foreign investment from 1 January to 27 December 2022.

During the period, new 90 foreign investments worth more than US$1.8 billion and 62 new Myanmar citizen's investment were approved, totalling 152, said director U Lay Naing of the DICA.

"From January to December 2023, foreign investment reached more than US$1.8 billion and local investment some K800 billion. These investments mostly flowed into the energy sector, followed by electric power, service and industrial sector. At the same time, local investment flowed into electric power, construction and industrial sectors. On the investor chart, Singapore invested the largest amount, followed by China," he added.

In 2023, Singapore put its investments in 14 businesses with US$1.154 billion as the largest amount whereas China operates 22 businesses with more than US$99 million as the second position. ASH

# Jack Ma to give up control of fintech giant Ant Group

**Beijing January 8**

The billionaire founder of Ant Group, Jack Ma, is to give up control of the Chinese fintech giant after a regulatory crackdown.

Ant Group said that after the change no-one would have overall control.

The formerly flamboyant Mr Ma has seldom been seen in public since criticising China's financial sector in 2020.

Following that criticism, Ant Group's planned stock market flotation was abruptly halted.

Ant Group runs Alipay, the main online payment system in China, which has eclipsed cash, cheques and credit cards.

Mr Ma, a former English teacher who founded e-commerce giant Alibaba, directly and indirectly controls more than 50% of Ant Group.

However, after the changes in governance structure, he will control just over 6%, according to an Ant Group statement.

In November 2020 Ant's £26bn stock market flotation, which would have been the world's largest, was cancelled at the last minute.

At the eleventh hour Chinese authorities cited "major issues" over regulating the firm. BBC

# Tatkon Township to sink 40 tube-wells for irrigate more than 1,200 acres of farmlands

**Tatkon January 8**

A plan is underway to sink 40 tube-wells for irrigating more than 1,200 acres of farmlands in Tatkon Township of Nay Pyi Taw Council Area, according to the Irrigation and Water Utilization Management Department.

Local people rely on water from Hsinthe dam to grow their crops in Tatkon Township.

The department arranges supply of water to farmlands in Shaukkon, Kyatheaing and Nweyit village-tracts of the township. In so doing, supply of water to the farmlands is used from the underground water without harming the environment and water sources.

In so doing, the department sank 20 10-inch diameter tube-wells in Shaukkon Village-tract, five in Kyatheaing Village-tract and 10 in Nweyit Village-tract, totalling 25.

One tube-well can pump out water for 30 acres of farmlands sufficiently. So, 75 tube-wells are sufficient for 750 acres of farmlands.

The department decided to sink 40 more tube-wells so as to cultivate 1,200 acres of farmlands in the region.

Upon completion of sinking 40 tube-wells, the farmlands in the region will be irrigated for cultivation of crops. 336



Water gushing out of a newly sunk tube-well.

# Ministers' Office in Yangon to host Myanmar Tourism Expo 2023 from 27 to 29 Jan

**Yangon January 8**

The Myanmar Tourism Expo 2023 will be held at the Ministers' Office in Botahtaung Township of Yangon from 27 to 29 January 2023, said Chairman U Naung Naung Han of Myanmar Tourism Entrepreneurs Association.

It was reported that a total of 20 local and foreign tour companies will open 50 booths at the expo with beautiful photos on tourist destinations of Myanmar and significant sites in video clips to be introduced to the visitors for selling package tours.

The chairman said, "We invite people to visit the expo. More than 20 booths will showcase tourism services with sale of package tours and air tickets of local and foreign tour agencies and transport services. As infection of Covid-19 declines, the tourism expo is hosted in Yangon to be able to resume the Myanmar tourism industry."

The association scheduled to organize local tour companies to join the ASEAN Tourism Forum to be held in Yogyakarta of Indonesia in February 2023 and the Moscow International Tourism Expo 2023 to be held in Moscow of Russia in March 2023 to arrange Myanmar tourism agencies to showcase their beautiful photos on Myanmar tourism destinations and significant places with sales of package tours. ASH

# China reopens borders to tourists after three years of Covid closure

**Beijing January 8**

China has reopened its borders to international visitors for the first time since it imposed travel restrictions in March 2020.

Incoming travellers will no longer need to quarantine - marking a significant change in the country's Covid policy as it battles a surge in cases.

They will still require proof of a negative PCR test taken within 48 hours of travelling.

The move has been welcomed by many eager to reunite with family.

In Hong Kong, 400,000 people are expected to travel into mainland China in the coming weeks with long queues for flights into cities including Beijing and Xiamen.

On Sunday, double decker coaches packed with travellers arrived at the Hong Kong-Zhuhai-Macau Bridge to catch buses to the Guangdong province - among them were college students returning home.

One man told the BBC he hadn't seen his extended family in five years and couldn't hold back his excitement having just bought a ticket back to China.

A woman told news agency Reuters she had not seen her parents in years - despite one of them suffering from colon cancer - and said she was "so, so happy". BBC




Hundreds of thousands of people are expected to travel to China in the coming weeks.

# Investment flows into more than 50 businesses in Yangon Region in 2022


The large worksite of a garment factory.

**Yangon January 8**

The Yangon Region Investment Committee stated that more than 50 businesses were invested in Yangon Region in 2022.

The Yangon Region Investment and Company Administration Directorate is authorized to allow local investments worth K6 billion or foreign investment valued at US$5 million in businesses in the region under the rules and regulations.

In so doing, 53 foreign and local investments flowed into the region from January to December 2022, including 12 local investments and 41 foreign investments.

These investments amounted to K19.396 billion and US$74.462 million, to create job opportunities to 35,792 local people.

These businesses are bag production, CMP products, textile products, garment products, plastic bags, value-added bran product, sandals, instant foods, value-added fish and shrimp products and thread production.

Moreover, some businesses wish to extend their work establishment and the region committee approved their acts under the law. 336

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# More than 80 amphibious species, reptile species, more than 90 fish species inhabit at Indawgyi Lake

**Mohnyin January 8**

Indawgyi Lake of Myanmar is habitat of more than 80 amphibious species, reptile species, more than 90 fish species, said director U Nyunt Win of Development and Research Branch of Fisheries Department.

"According to the research, more than 80 amphibious species, reptile species and more than 90 fish species inhabited at the late at the end of December 2022. As the lake is connecting with the Ayeyawady River, some fish species lay eggs in the lake to hatch fingerlings. In monsoon when the Ayeyawady River faced high water level, some fish species flowed into Shwedaung Creek and then into the lake for laying eggs and returned to the river. As such, it needs to protect the habitats of fish to be able to regenerate fish species," he added.

The branch is serving the preservation of fish species in freshwater area not to be extinct. Hence, the preservation tasks are being undertaken along the lakes.

Indawgyi Lake is located in Mohnyin Township of Kachin State. It is the largest lake in Myanmar and the third one in Southeast Asia. The lake is 14 miles long from the north to the south and seven miles wide from the east to the west. The lake is 700 feet higher than the sea level. ASH


Various species of birds roaming at Indawgyi Lake.

# Pulses and beans exportation earned more than US$960 million till 31 December 2022

**Nay Pyi Taw January 8**

More than US$960 million were earned in export of pulses and beans from till December 2022 of the 2022-23 fiscal year, according to the Ministry of Commerce and most of them were black bean, green gram and pigeon pea.

In this regard, US$ 969.529 million could be bagged in the period from 1 April to 31 December 2022.


In this regard, bean exportation pocketed US$854.738 million in shipping and US$114.791 million in land borders.

Black bean exportation secured US$422.315 million in shipping and US$8.243 million in land border, totalling US$430.558 million.

Green gram was exported to pocket US$234.97 million through maritime trade route and US$70.673 million through land border, totalling US$305.643 million.

Likewise, pigeon pea was exported through maritime trade route to earn US$88.094 million and land borders US$0.205 million, totalling US$88.299 million.

During the period, more than 20 kinds of beans were exported, and the least volume of bean was soya bean, earning US$0.065 million. 336


Various kinds of beans and pulses seen at a market.

# Efforts made for completion of 20 per cent at No 2 Bala Min Htin Bridge this FY

**Myitkyina January 8**

The Ministry of Construction stated that it is making efforts for 20 per cent completion of No 2 Bala Min Htin Bridge at the end of this fiscal year.

As current Bala Min Htin Bridge is weak in withstanding, No 2 facility is being built. Bridge Special Task Force 1 of the ministry started construction of new bridge on 16 October 2021, 40 miles downstream of the first facility.

The new one will be 3,212 feet long with 75 tons of loans for withstanding. It will be of steel frame. The facility will have the 27 feet and 10 inches wide motor way flanked by 3 feet and four inches wide pedestrian. Its water clearance is 350 feet wide and 26.25 feet high.

In 2022-23 fiscal year, piers Rp2, 3 and 4 were built with bored piles with the A2 Abutment bored piles for the approach structure, placing of the reinforced concrete beams on the approach bridge on Myitkyina side. So, it is scheduled to complete 20 per cent completion of the bridge at the end of 2022-23 FY. In 2023-24 FY, the A2 approach structure, piers and foundation will be built.

The current Mala Min Htin bridge links Myitkyina and Waingmaw crossing Ayeyawady River. As the bridge is locate on the route of border trade, cargo trucks are rolling on the bridge on a daily basis.

Upon completion, the No 2 facility wil contribute to smooth transportation for the people and swift flow of commodity.

After construction of the new one, the major repair will be carried out for the old bridge to have the four-lane facility. 336

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားက Shahed ဒရုန်းအစင်း ၆၆၀ ခန့်အသုံးပြုခဲ့ပြီး ဒရုန်းအစင်း ၃၀၀ ထပ်မံရောက်ရှိရန်မျှော်မှန်း



ရုရှားဖက်ဒရေးရှင်းသည် အီရန်နှင့် စာချုပ်အရရရှိထားသော အီရန်နိုင်ငံထုတ် Shahed UAV ဒရုန်းအစင်း ၁၇၅၀ ထဲမှ အစင်း ၆၆၀ ခန့်ကိုအသုံးပြုခဲ့ပြီးဖြစ်ကြောင်း ယူကရိန်းနိုင်ငံသတင်းဌာန Ukrinform ၏အဆိုအရ သိရသည်။ လက်ရှိတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ဒရုန်းအစင်းရေ ၂၅၀ မှ ၃၀၀ ကြား အသုတ်လိုက် အသစ်ထပ်မံရောက်ရှိလာရန် မျှော်မှန်းထားကြောင်း အဆိုပါ သတင်းရင်းမြစ်က ဇန်နဝါရီ ၄ ရက်တွင် ရေးသားထားသည်။

ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာန ထောက်လှမ်းရေးဗဟိုဌာနချုပ်မှ ကိုယ်စားလှယ် Vadym Skibitsky က RBC-Ukraine သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် "ရုရှားမှာ ဒရုန်းတွေအပါအဝင် သူတို့ရဲ့လက်နက်တိုက်တွေမှာ ပြဿနာတွေရှိနေပါပြီ"ဟု စွပ်စွဲပြောကြားထားသည်။ ယနေ့ထိ ရုရှားတပ်ဖွဲ့များသည် အီရန်ထုတ်ဒရုန်းအစင်း ၁၇၅၀ ထိပိုင်ဆိုင်ထားပြီး Shahed ဒရုန်းအစင်း ၆၆၀ ခန့်ကို အသုံးပြုခဲ့ကြောင်း၊ ၎င်းတို့သည် မကြာသေးမီကာလများအတွင်း ဒရုန်းအစင်းရေများစွာအသုံးပြုခဲ့ပြီး အရန်အင်အားအနေဖြင့် ပြန်လည်ဖြည့်တင်းရန် လိုအပ်နေကြောင်း၊ ထောက်လှမ်းရေးအချက်အလက်များအရ နောက်ထပ်လွှဲပြောင်းပေးအပ်မှုတစ်သုတ်ရရှိတော့မည်ဖြစ်ရာ အစင်းရေ ၂၅၀ မှ ၃၀၀ ခန့် ပါဝင်လာနိုင်ကြောင်း သိရသည်။

အကြီးစား ဒရုန်းတိုက်ခိုက်မှုသည် ယူကရိန်းတို့၏ လေကြောင်းကာကွယ်ရေးစနစ်ကိုဖြတ်ကျော်ကာ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ဟု Vadym Skibitsky က မှတ်ချက်ပြုခဲ့သည်။ ဒရုန်းအစင်းရေ ၅ စင်း၊ ၁၀ စင်းထိ အုပ်ဖွဲ့ပစ်လွှတ်တိုက်ခိုက်မည်ဆိုပါက မလုံလောက်ပေ။ ရုရှားတပ်ဖွဲ့ဝင်များသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရှောင်ကွင်းရန်နှင့် ဒရုန်းပစ်လွှတ်သည့်နေရာများကို ပြောင်းလဲရန်အတွက် မတူညီသောအမြင့်နှင့် လမ်းကြောင်းအမျိုးမျိုးကို အသုံးပြုတိုက်ခိုက်နေကြောင်း Skibitsky က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံရှိ ESA Shahed 136 သို့မဟုတ် Geran-2 သည် အလိုအလျောက်လုပ်ဆောင်နိုင်သော Pusher-Prop ပုံစံသုံး အီရန်နိုင်ငံထုတ် Loitering Munition အမျိုးအစားလည်းဖြစ်သည်။ Shahed Aviation Industries က ဒီဇိုင်းရေးဆွဲ၊ ထုတ်လုပ်ထားသည်။ ခဲယမ်းများသည် အကွာအဝေးတစ်ခုအတွင်းမှ မြေပြင်ပစ်မှတ်များကိုတိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားပြီး ပစ်ခတ်မှုအတွင်း (ငါးစီးအထက်အသုတ်လိုက်)စုပြုတိုက်ခိုက်ခြင်းဖြင့် ရန်သူလေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရှုပ်ထွေးသွားစေနိုင်သည်။ ဒရုန်း၏ ပထမဆုံးဗီဒီယိုဖိုင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင်လူသိရှင်ကြားထုတ်လွှင့်ပြသခဲ့သည်။

ထိပ်ပိုင်းတွင် အလေးချိန် ကီလိုဂရမ် ၃၀၊ ကီလိုဂရမ် ၅၀ ခန့်ရှိ ထိပ်ဖူးတစ်ခုပါရှိသည်။ တိုက်ခိုက်ရေးဒရုန်းသည် ၃ ဒသမ ၅မီတာ ရှည်လျားပြီး တောင်ပံ ၂ ဒသမ ၅ မီတာ၊ တစ်နာရီလျှင် ၁၈၅ ကီလိုမီတာကျော်နှုန်းဖြင့် ပျံသန်းနိုင်ပြီး အလေးချိန် ကီလိုဂရမ် ၂၀၀ ခန့်ရှိသည်။ အကွာအဝေး ကီလိုမီတာ ၁၈၀၀ နှင့် ကီလိုမီတာ ၂၅၀၀ ကြားတွင် ကြိုတင်စီစဉ်ထားသော တိုက်ရိုက်တိုက်ခိုက်ရေး နည်းလမ်းဖြင့် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်ဟု သိရသည်။ GNSS ပစ်မှတ်တည်နေရာလမ်းညွှန်မှု အသစ် ရေဒီယိုအချက်ပြမှုကို ကန့်သတ်အကွာအဝေးဖြင့်သာ လက်ခံရရှိနိုင်သည့်အတွက် အချိန်ကြာမြင့်စွာ ပစ်မှတ်ပေါ်ပျံဝဲ၍ တိုက်ပွဲဝင်နိုင်သော Loitering Munition Mode ဖြင့်ဆိုလျှင် ကီလိုမီတာ ၁၅၀ ခန့် တိုက်ပွဲဝင်နိုင်သည်။

အီရန်စစ်ဘက်တွင် Shahed 136 ကို ပုံစံသုံးမျိုးဖြင့် အသုံးပြုသည်။ တပ်ဖွဲ့ဝင်များနှင့် သံချပ်ကာယာဉ်များကို တိုက်ခိုက်ရန်၊ ခံစစ်ကတုတ်ကျင်းများကို တိုက်ခိုက်ဖျက်ဆီးရန်နှင့် ရေဒါစနစ်များအား တိုက်ခိုက်ရန်အတွက်ဖြစ်သည်။ Shahed 136 ဒီဇိုင်းသည် ဝေဟင်ကင်းထောက်အတွက်လည်း ပံ့ပိုးပေးကြောင်း အမေရိကန်စစ်ဘက်၏ ကမ္ဘာတစ်ဝန်းရှိ Unclassified Worldwide Equipment Guide လက်စွဲစာစောင်တွင် ဖော်ပြထားသည်။

**Russia used about 660 Iranian made Shahed drones and expects new batch of up to 300 units ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနိုင်ငံက သံချပ်ကာလူသယ်ယာဉ်များနှင့် Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်တပ်ခွဲတစ်ခွဲ ယူကရိန်းသို့ ပံ့ပိုးမည်




ဂျာမနီသည် ယူကရိန်းသို့ သံချပ်ကာလူသယ်ယာဉ်များနှင့် Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည် တပ်ခွဲတစ်ခွဲပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက်က ဂျာမန်-အမေရိကန် ပူးတွဲအစည်းအဝေးတွင် ကြေညာခဲ့သည်။ ဂျာမနီဖက်ဒရယ်အစိုးရသည် ယူကရိန်းနိုင်ငံကို Marder ခြေလျင်တိုက်ခိုက်ရေးယာဉ်များနှင့် Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ ပံ့ပိုးပေးသွားလိုကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယူကရိန်းသို့ Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်တပ်ခွဲတစ်ခွဲကို မကြာမီပေးအပ်သွားမည်ဟု ဂျာမန်အဓိပတိ Olaf Scholz နှင့် အမေရိကန်သမ္မတ Biden တို့က ခေါင်းဆောင်နှစ်ဦးကြား ဖုန်းခေါ်ဆိုပြီးနောက် ကြေညာခဲ့သည်။ ယူကရိန်းကို Patriotလေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်တပ်ခွဲတစ်ခွဲပေးအပ်မည်ဟု ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်က ကြေညာခဲ့ပြီး ယူကရိန်းနိုင်ငံသို့ နောက်ထပ် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပံ့ပိုးမှုတွင် ဂျာမနီသည် အမေရိကန်နှင့် ပူးပေါင်းမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ပေးပို့ပေးသွားမည့်အချိန်ကာလနှင့် Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် ဗားရှင်းအမျိုးအစားကိုမူ ထုတ်ဖော်ပြောကြားထားခြင်း မရှိသေးပေ။ လက်ရှိတွင် ဂျာမန်လက်နက်ကိုင်တပ်ဖွဲ့များတွင် MIM-104C/F Patriot PAC-2/PAC-3 စုစုပေါင်းအစုံ ၃၀ စာ ပိုင်ဆိုင်ထားသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အဆင့်မြှင့် Patriot Advanced Capability 3 (PAC-3) Missiles Segment Enhanced (MSE) ဗားရှင်းကို ခန့်မှန်းခြေ ကုန်ကျစရိတ် ဒေါ်လာ ၄၀၁ သန်းဖြင့် ဂျာမနီအစိုးရထံ နိုင်ငံခြားစစ်ဘက်ရောင်းချမှုတစ်ရပ်ကို သဘောတူခွင့်ပြုပေးခဲ့သည်။

Raytheon ကုမ္ပဏီသည် ဂျာမနီ၏ Patriot ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို လက်ရှိဖွဲ့စည်းပုံဖြစ်သည့် PAC-3 MSE ဗားရှင်းသို့ NATO ပံ့ပိုးရေးနှင့် ဝယ်ယူရေးအေဂျင်စီက တိုက်ရိုက်ရောင်းချမှုစာချုပ်တန်ဖိုးအားဖြင့် ဒေါ်လာ ၁၀၅ ဒသမ ၅ သန်းဖြင့် အဆင့်မြှင့်တင်ခဲ့သည်။

"ဒီအဆင့်မြှင့်တင်မှုက ဂျာမနီရဲ့ လေကြောင်းနဲ့ ဒုံးကျည်ကာကွယ်ရေးကို အနည်းဆုံး ၂၀၃၅ ခုနှစ်ထိ ခိုင်မာအားကောင်းစွာရှိနေစေမှာ သေချာပါတယ်"ဟု Raytheon ကုမ္ပဏီ ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး၏ ဒုတိယဥက္ကဋ္ဌ Tom Laliberty က ပြောကြားခဲ့သည်။

ဂျာမနီဖက်ဒရယ်ပါလီမန်၏ ကာကွယ်ရေးနှင့် ရန်ပုံငွေသုံးစွဲရေးကော်မတီများက အဆင့်မြှင့်တင်မှုကို အတည်ပြုပြီးနောက် အချိန်တိုအတွင်း ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ဂျာမနီသည် ၎င်းတို့၏ ဝေဟင်နှင့် ဒုံးကျည်ကာကွယ်ရေးအတွက် Patriot လက်နက်စနစ်အပေါ် မှီခိုအားထားရသော အခြားဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ NATO မဟာမိတ်ငါးနိုင်ငံတို့နှင့် လိုက်လျောညီထွေရှိစေရန်ပါ အာမခံချက်ရရှိခဲ့သည်။ SIPRI (Stockholm International Peace Research Institute) လက်နက်ကုန်သွယ်မှုဒေတာဘေ့စ်အရ ၂၀၀၈-၂၀၁၀ ပြည့်နှစ်အတွင်း အမေရိကန်မှပေးပို့သော Patriot PAC-3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များကို ဂျာမနီစစ်ဘက်တပ်ဖြန့်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**Germany to send a Patriot air defense battery to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကောလင်းခရိုင်တွင် ဆောင်းနှမ်းဧက ၂၇၇၅၀ စိုက်ပျိုးပြီးစီး




**ကောလင်း ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်းဧက ၂၇၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းထံမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဆောင်းနှမ်း ၂၉၇၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆောင်းနှမ်းဧက ၂၇၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆောင်းနှမ်းဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၂၇၀၀၀ ကျော်စိုက်ပြီးသွားပါပြီ။ ကျန်ဧကတွေလဲ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ဒီနှစ် ဆောင်းနှမ်း စိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်တွင် ဆောင်းနှမ်းဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၃၆၁၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၉၀၀၃ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၅၁၃၂ ဧက စုစုပေါင်းဆောင်းနှမ်းဧက ၂၇၇၅၀ ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်အတွင်းရှိ နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းသီးနှံ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပွင့်ဖြူမြို့နယ် ဆင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ခြုံကျေးရွာအုပ်စု ဆင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် စီမံကိန်းတာဝန်ခံများက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းရန်ပုံငွေစာရင်းဇယားများကို စနစ်တကျမှတ်တမ်းပြုစု ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်း ပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စီမံကိန်းအဋ္ဌမအကြိမ်မြောက်အဖြစ် ဆင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၁၂ ဒသမ ၇၅ သန်း၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၁၈ ဒသမ ၈၅ သန်း၊ စုစုပေါင်းစီမံကိန်းအသင်းသား၊ အသင်းသူ ၁၆၄ ဦးအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မလှိုင်မြို့နယ် ကံသစ်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မလှိုင် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကံသစ်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဦးကျော်စိုးဝင်း၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်မာလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကံသစ်ကျေးရွာတွင် လမ်းအရှည် ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကံသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၁၂၀၀၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၁-၂၀၂၃**

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၈၀၀၀ |

**(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

မှ ရှေ့ဖုံးမှအဆက်

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက အကအလှများဖြင့် နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများသည် (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်မည့်လေဆိပ်ဝင်းအတွင်းရှိ လေဆိပ်ပန်းဥယျာဉ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည်။

ရှေးဦးစွာ လေဆိပ်ပန်းဥယျာဉ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးလှမိုးနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က လေဆိပ်ပန်းဥယျာဉ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး လေဆိပ်ပန်းဥယျာဉ်ကို လှည့်လည်ကြည့်ရှုကြသည်။

(၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနားကို ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဇန်နဝါရီ ၉ ရက်တွင် မြစ်ကြီးနားမြို့၌ ရိုးရာမနောအကဖြင့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲဖွင့်ပွဲ ကျင်းပသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက် စိန်ရတု ကချင်ပြည်နယ်နေ့တွင် သဝဏ်လွှာဖတ်ပွဲအခမ်းအနား၊ ရိုးရာမနောအကနှင့်အတူ ဌာနဆိုင်ရာပြခန်းများ၊ ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်အပ်နှင်းပွဲ၊ ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန်ဖွင့်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က လေဆိပ်ပန်းဥယျာဉ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။**

# ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးနှင့် ပဲတီစိမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေ



**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားမှုနှင့်အညီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးနှင့် ပဲတီစိမ်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းစီမံကိန်းကိုတောင်သူများအနေဖြင့် သွင်းအားစုများထည့်သွင်းအသုံးပြုခြင်းဖြင့် တစ်ဧကအထွက်နှုန်းပိုမိုကောင်းမွန်လာစေရန်၊ ဈေးနှုန်းနှင့်ဈေးကွက်သေချာပြီး တောင်သူများ ဝင်ငွေပိုမိုရရှိစေခြင်းဖြင့် နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာစေရန်၊ စီမံကိန်းတွင်ပါဝင်သော အစုအဖွဲ့အားလုံး အကျိုးအမြတ်ကိုယ်စီရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်ပဈေးကွက်များသို့ ပိုမိုချိတ်ဆက်မှုရရှိစေရန်နှင့် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သည့်အလေ့အကျင့်ကောင်းများပိုမိုရရှိလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း မူလက ၄၀၀၀၀ လျာထားပြီး ဇန်နဝါရီ ၅ ရက်ထိ ကုမ္ပဏီသုံးခုနှင့် မြို့နယ်ကိုးမြို့နယ်၌ ၂၈၉၉၅ ဧကတွင် တောင်သူ ၁၀၄၃ ဦးဖြင့် မြို့နယ်အဆင့်စာချုပ်များ ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံစိုက်ပျိုးမှုတွင် မူလက ဧက ၂၀၀၀၀ လျာထားပြီး ကုမ္ပဏီ ၁၄ ခု၊ သမအသင်း နှစ်သင်းနှင့် မြို့နယ် ခုနစ်ခုမှ တောင်သူ ၁၂၅၉ ဦးတို့ဖြင့် ၁၂၇၅၀ ဒသမ ၁၇ ဧကစိုက်ပျိုးရန် အဆိုပြုခဲ့ရာ ဇန်နဝါရီ ၅ ရက်ထိ ကျောက်တန်းမြို့နယ်၌ တောင်သူ ၁၄၄ ဦးဖြင့် ၇၁၇ ဧက စိုက်ပျိုးရန် မြို့နယ်အဆင့်စာချုပ်ချုပ်ဆိုထားပြီး ကျန်စိုက်ဧကများအတွက် စာချုပ်များ ဆက်လက်ချုပ်ဆိုလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာ လျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်မည်ဟူသောမူဝါဒနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်၍ တောင်သူတို့၏ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရန် ဤစီမံကိန်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

"တောင်သူတွေ စိုက်ပျိုးတဲ့သီးနှံမှာ သွင်းအားစုတွေထည့်ဖို့အတွက် နိုင်ငံတော်က ရန်ပုံငွေ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းတိုးတက်မှုနဲ့ အရည်အသွေးကောင်းမွန်မှုကို အထောက်အကူဖြစ်စေပြီး တစ်ဧကအထွက်နှုန်းလည်း မြင့်မားလာမှာပါ။ ထွက်ရှိတဲ့သီးနှံကိုလည်း ကာလပေါက်ဈေးအတိုင်း ရရှိမှာဖြစ်တဲ့အတွက် တောင်သူတွေ ဝင်ငွေပိုမိုရရှိပြီး နိုင်ငံ့စီးပွား တိုးတက်မြင့်မားရေးကိုလည်း အထောက်အကူဖြစ်စေပါတယ်။ ဒီစီမံကိန်းမှာပါဝင်တဲ့သွင်းအားစုကုမ္ပဏီနဲ့ တောင်သူတွေ၊ ဝယ်ယူကြိတ်ခွဲတဲ့အစုအဖွဲ့အားလုံး အကျိုးအမြတ်ရရှိတဲ့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိစေပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များလည်း ပြည်ပဈေးကွက်ကို ပိုပြီးချိတ်ဆက်ဆောင်ရွက်နိုင်တဲ့အပြင် ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အကျင့်ကောင်းများရရှိမှုဟာ နိုင်ငံအတွက်လည်း အထောက်အကူဖြစ်စေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောပြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးရေးစီမံကိန်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ပဲနှမ်းအသင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် သွင်းအားစုကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် နွေစပါး ၂၈၉၉၅ ဧကနှင့် ပဲတီစိမ်း ၁၂၇၅၀ ဒသမ ၁၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ နွေစပါးကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဆန်းနှင့် ပဲတီစိမ်းကို နိုဝင်ဘာလမှစ၍ စိုက်ပျိုးခဲ့ပြီး တောင်သူတို့အတွက် သွင်းအားစုများရရှိရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးချေသော လုပ်ငန်းစဉ်များကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဇန်နဝါရီ ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ဇန်နဝါရီ ၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၇၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၁၇ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၃၅၄ ဦး |

# (၁၀၄)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟစာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပပြီးစီးခဲ့သော (၁၀၄)ကြိမ်မြောက် စေတီယင်္ဂဏစာလျှောက်မေးပွဲ၌ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်သံဃာတော် ၁၅ ပါးတို့ကို ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပူဇော်သည့် စာအောင်ဆုနှင်းသဘင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက်ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတီယင်္ဂဏ နာယကဆရာတော်များ၊ ပင့်သံဃာတော်များ၊ စာအောင်သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ဦးစွာ စာအောင်သံဃာတော်များ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များနှင့်ဝန်ထမ်းများက စေတီတော်မြတ်ကြီးကို ရင်ပြင်တော်တစ်ပတ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက်အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပခြင်းနှင့် သာသနာရေးဆိုင်ရာများကို တင်ပြလျှောက်ထားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊တိုင်းဒေသကြီး ဝန်ကြီးများနှင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက (၁၀၄)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့သည့် သီးခြားစာချတန်းအောင် သံဃာတော် လေးပါးနှင့် သီးခြားစာသင်တန်းအောင် သံဃာတော် ၁၁ ပါးတို့ကို ဘွဲ့တံဆိပ်အောင်လက်မှတ်နှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတီယင်္ဂဏ နာယကဆရာတော်များ၊ ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော်များကို နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိပိဋကဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စေတီယင်္ဂဏ နာယကအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စေတီယင်္ဂဏ ပဝရသိရီမဟာဓမ္မဂုရု သ.စ.အ ဓမ္မာစရိယ ဝဋံ့သကာ ပါဠိပါရဂူ ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာဆရာတော်)ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတီယင်္ဂဏနာယက ဆရာတော်များ၊ ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဗုဒ္ဓမြတ်စွာသာသနာတော်၏ အရင်းမူလရေသောက်မြစ်ဖြစ်သောပရိယတ္တိသာသနာတော် စည်ပင်ပြန့်ပွားထွန်းကား၍ ပရိယတ္တိအကျော် သံဃာတော်များ စဉ်ဆက်မပြတ်ပေါ်ပေါက်စေရန် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကျင်းပခြင်းနှင့် စာအောင်ဆုနှင်းသဘင်ကျင်းပပူဇော်ခြင်းအခမ်းအနားကို ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန်တည်ဆောက်ပြင်ဆင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇန်နဝါရီ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့၌ အသစ်တည်ဆောက်ဖွင့်လှစ်ပေးသွားမည့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းမြေနေရာနှင့် ကွန်ပျူတာတက္ကသိုလ်မြေနေရာ လျာထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းသိန်းဇံ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့နှင့်အတူ မော်ဖောင်းကျေးရွာအုပ်စု ဗိတောင်ကွင်းသို့ရောက်ရှိပြီး မြစ်ကြီးနားမြို့တွင် အသစ်တည်ဆောက်ဖွင့်လှစ်ပေးသွားမည့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းမြေနေရာ၊ ကွန်ပျူတာတက္ကသိုလ်မြေနေရာနှင့် ဌာနဆိုင်ရာလျာထားမြေနေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့သည် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ရေကူးပြေးလမ်း ၁၀လမ်းပါ ရေကူးကန်တည်ဆောက်ပြင်ဆင်ပြီးစီးမှု၊ ရေကူးကန်အနီး မြေကွက်လပ်တွင် ဖူဆယ်အားကစားရုံ တည်ဆောက်နေမှုနှင့် ငြိမ်းချမ်းသာယာဘောလုံးကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘဏ္ဍာနှစ်အလိုက် နေကြာနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်နှင့် စားသုံးဆီပို့လျှံလာစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့်ပြည်ပသို့ စားသုံးဆီ တင်ပို့ရောင်းချနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် နေကြာနှင့်ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရန်နှင့် စားသုံးဆီပိုလျှံလာစေရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပညာနှင့်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီးက နေကြာစိုက် တောင်သူများနှင့်တွေ့ဆုံစဉ် အသိပေးပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာအုပ်စု ဆောင်းနေကြာစိုက်ခင်း၌ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံခဲ့ပြီး နေကြာမျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ စိုက်ပျိုးထုတ်လုပ်သူများအတွက် တွက်ခြေကိုက်အကျိုးရှိစေမည့် အထွက်နှုန်းရရှိရေး၊ သွင်းအားစုဓာတ်မြေဩဇာများ အချိုးမှန်ကန်စွာသုံးစွဲရေး၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ အသုံးပြုလုပ်ကိုင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် တောင်သူများ၏တင်ပြဆွေးနွေးမှုများအပေါ် ဦးစီးဌာနအလိုက်တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး တောင်သူများနှင့်အတူ နေကြာသီးနှံစိုက်ကွင်းအတွင်း ပေါင်းလိုက်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၂၁၆ မိုင် ၅ ဖာလုံရှိ ပညာပေးရေးနှင့်သုတေသနလုပ်ငန်းများဆိုင်ရာ နို့စားနွားမွေးမြူရေးခြံ (နေပြည်တော်)သို့ရောက်ရှိပြီး သုတေသနလုပ်ငန်းများပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူထားရှိမှုအခြေအနေ၊ နို့ပေါင်းစက်ရုံ၊ နို့စားနွားမွေးမြူထားရှိမှုနှင့် နွားစာချဉ်ဖတ်ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးကြပြီး နို့စားနွားမွေးမြူရေးဆိုင်ရာ နည်းပညာပြန့်ပွားရေး၊ နို့စားနွားမွေးမြူရေးကို ဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နိုင်ရေး၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ညီညွတ်သည့် နို့နှင့်နို့ထွက်ပစ္စည်းများ တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်မှုဖွံ့ဖြိုးလာရန် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေး အတွက်အားပေးဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြုပါဝင်သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြုပါဝင်သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မဂ်ဂရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ခဲ့ကြသူများ စုစုပေါင်း ၈၈၅ ဦး တက်ရောက်ကြသည်။

ဖွေးဦးစွာ ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြုပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၏ ကြိုးစားမှုကို မှတ်တမ်းတင်ဂုဏ်ပြုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်နှင့် ပါဝင်သူအားလုံး၏ ကြိုးစားအားထုတ်ဆောင်ရွက်မှု၊ ကော်မတီများ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု၊ ကျန်းမာရေးကိစ္စများနှင့် အခြားလိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ဆောင်ရွက်ခဲ့မှုများကြောင့် ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် အလံကိုင်အဖွဲ့၊ စစ်ရေးပြအဖွဲ့၊ ရာဇဝင်းအဖွဲ့၊ ပြခန်းအဖွဲ့နှင့် ဂုဏ်ပြုယာဉ်အဖွဲ့တို့မှ ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၃၆)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်ပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) "မူးယစ်ဆေးရန် တို့တွန်းလှန် ကြိုးစားတိုက်ဖျက် နိုင်ငံအတွက်"

(ခ) "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ လူမှုဘဝ"

(ဂ) "ငါတို့ရဲ့အနာဂတ် သာယာလှပဖို့ မူးယစ်ကင်းစင် ကမ္ဘာ ဖန်တီးစို့"

(ဃ) "မျိုးဆက်သစ်များ တိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့"

(င) "လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ"

(စ) "မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ရင်သွေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါစို့"
**(Photo Essay ယှဉ်ပြိုင်ရန်အတွက်သာ)**

(ဆ) "လူသားချင်းစာနာ ကျန်းမာဖို့ စိန်ခေါ်မူးယစ် တိုက်ဖျက်စို့"
Addressing drug challenges in health and humanitarian crises.

(၂) ဝတ္ထုတိုနှင့် ဆောင်းပါးစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

(၃) ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင် ပေးပို့ရမည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀) အတွင်း ရှိရမည်။

(၄) တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်၍ ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းတစ်စောင်ကို ဂီတသင်္ကေတမူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

(၅) ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် အဖြူအမည်းဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး 10" × 14" အရွယ် အနည်းဆုံး သုံးပုံမှ အများဆုံး ငါးပုံထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပြိုင်ပွဲဝင်ပုံများ၏ Original Files များနှင့် 10" × 14" ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံများသာဖြစ်ရပါမည်။ Digital အထူးပြုလုပ်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(၆) ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများကို ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်း မပြုရ။ ရေးဆွဲသည့်ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။ ကျောဘက် သို့မဟုတ် ပိုစတာဒီဇိုင်း၏ ညာဘက်အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။ ပိုစတာကိုအလျားလိုက် (Landscape) ရေးဆွဲပေးပို့ရပါမည်။

(၇) ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ သုံးဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (Grade 2- Grade 5)၊ အလယ်တန်းအဆင့် (Grade 6- Grade 9) နှင့် အထက်တန်းအဆင့် (Grade 10- Grade 11) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလိုပါ။ 15" × 20" အရွယ် ရေးဆွဲရမည်။ ခဲတံ သို့မဟုတ် ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် သုံးနာရီ၊ ကာတွန်းရေးဆွဲချိန် နှစ်နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (Grade 6-Grade 9) နှင့် အထက်တန်းအဆင့် (Grade 10- Grade 11) ဖြစ်ပါသည်။ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်လိုပါက အလယ်တန်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသော ပုံဖြစ်ရမည်။ အသင့်အရေးဆွဲထားသောပုံ မပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် သုံးနာရီသတ်မှတ်သည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် 10" × 14" လက်မအရွယ် Photo Essay အနည်းဆုံး သုံးပုံမှ အများဆုံး ငါးပုံထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့်ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆု ခံစားခွင့်ရှိသည်။ Photo Essay ကို **"မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ ရင်သွေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါစို့"** ခေါင်းစဉ်ဖြင့် သီးသန့်ယှဉ်ပြိုင်ရမည်။

(၁၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲများအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်။

(၁၃) ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့် ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန်ဖုန်းအမှတ်မှာ ၀၁-၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တေးသီချင်း | ၂၁-၃-၂၀၂၃ |
| (ခ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၂၁-၃-၂၀၂၃ |
| (ဂ) | ကွန်ပျူတာပိုစတာ | ၂၈-၃-၂၀၂၃ |
| (ဃ) | ဓာတ်ပုံ | ၇-၄-၂၀၂၃ |
| (င) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ | ၂၀-၄-၂၀၂၃ |
| (စ) | ကွန်ပျူတာပန်းချီ | ၂၆-၄-၂၀၂၃ |

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု သုံးဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကိုလက်ခံလျက်ရှိပြီး ယင်း တိုင်ကြားစာများကိုစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကိုဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍ သော်လည်းကောင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇) (၆)မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ ဖက်စ်-၀၁-၆၅၄၆၇၈နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေးဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mailတို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့် သက်ဆိုင်သောအထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ပေးပို့လာသော တိုင်တန်းချက်များတွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူမပါရှိခြင်းများတွေ့ရှိနေရပါသဖြင့် တိုင်ကြားသူများအနေဖြင့် မိမိတို့၏တိုင်တန်းချက်တွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေပူးတွဲပေးပို့ပါရန်လည်း အလေးအနက်တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင်သစ်မျိုးစုံ၊ တောရိုင်းတိရစ္ဆာန်များ၊ စားသောက်ကုန်၊ ဘက်ထရီ၊ စိုက်ပျိုးရေးသုံးပစ္စည်းနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ













**နေပြည်တော် ဇန်နဝါရီ ၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော 12V 12Ah Battery အလုံး ၆၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးမြို့နယ် ရွှေသံလွင်တိုးဂိတ်အနီးတွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော Prawn Hornet တံဆိပ် RBD Palm Olein လီတာ ၁၀၈၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Hino Freezer Box Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်၊ ကညင်သစ်နှင့် ပျဉ်းကတိုးသစ် ၅ ဒသမ ၃၀၀၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၂၀၄၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၇၂၀၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းသစ် သုည ဒသမ ၃၅၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၅၀၀၊ တောရိုင်းတိရစ္ဆာန်နှင့် ၄က်မျိုးစုံ ကိုးမျိုး ကောင်ရေ ၁၂၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော NISSAN AD VAN အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၇၀၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၆ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ရှစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၈၄၂၅၄၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ်နေ ညီညီလတ်သည် ၎င်းအသုံးပြုသည့် "Nyi Nyi Latt" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဘိလပ်မြေထုတ်လုပ်ရာမှထွက်ပေါ်လာသည့် ကာဗွန်များကိုထိန်းချုပ်၍ ပြန်လည်အသုံးပြုမည့် နော်ဝေနိုင်ငံ၏စီမံကိန်းကို ဂျာမနီကထောက်ခံ



**အော့စ်လို ဇန်နဝါရီ ၈**

နော်ဝေနိုင်ငံသည် ဘိလပ်မြေထုတ်လုပ်ရာမှ ထွက်ပေါ်လာသည့် ကာဗွန်များကိုထိန်းချုပ်၍ ပြန်လည်အသုံးပြုမည့်စီမံကိန်းကို ဂျာမနီနိုင်ငံက ထောက်ခံကြိုဆိုကြောင်း ဂျာမနီစီးပွားရေးဝန်ကြီးက ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု The West သတင်းဌာနက ဇန်နဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နော်ဝေနိုင်ငံ ဘရီဗစ်ခ်မြို့တွင်ရှိသည့် နော်ဆမ်ဘိလပ်မြေစက်ရုံတွင် အဆိုပါစီမံကိန်းကို စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ ဂျာမနီစီးပွားရေးဝန်ကြီး ရောဘတ်ဟာဘတ်သည်လည်း ဘရီဗစ်ခ်မြို့သို့ရောက်ရှိနေပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ဘိလပ်မြေမှထုတ်လွှတ်သောကာဗွန်များကို ထိန်းချုပ်ကာ ထွက်ပေါ်လာသည့် ကာဗွန်များကိုလည်း ပြန်လည်အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်နေသည့်နော်ဝေနိုင်ငံ၏ စီမံကိန်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အကျိုးရှိသည့် စီမံကိန်းဖြစ်ကြောင်း ရောဘတ်ဟာဘတ်က ထောက်ခံခဲ့သည်။ လက်ရှိဆောင်ရွက်သွားမည့် စီမံကိန်းနှင့်ပတ်သက်ပြီး ပြည်သူများသိရှိအောင် ရှင်းလင်းချပြပါက ယခင်စီမံကိန်းများကဲ့သို့ ရပ်ဆိုင်းစရာ လိုအပ်မည်မဟုတ်ကြောင်း ရောဘတ်ဟာဘတ်က ပြောကြားခဲ့သည်။

ကာဗွန်များကိုထိန်းချုပ်သိုလှောင်သွားမည့် စီမံကိန်းကို နော်ဝေအစိုးရက ယူရိုသန်း ၄၀၀ ထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ကာဗွန်များကိုလည်း ဘရီဗစ်ခ်မြို့အနီးတွင် နှစ်နှစ်တစ်ကြိမ် သိုလှောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းကိုဦးဆောင်မည့် Heidelberg Materials အုပ်စုက ယူရို ၁ ဒသမ ၅ ဘီလီယံထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ဟာဝိုင်ရီကျွန်းရှိ ကီလောင်အာမီးတောင်ပေါက်ကွဲမှု စောင့်ကြည့်ရမည့်အခြေအနေအဖြစ် သတ်မှတ်

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းရှိ ကီလောင်အာမီးတောင်သည် ဇန်နဝါရီ ၆ ရက်မှစတင်၍ ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး မီးတောင်ပေါက်ကွဲမှုအခြေအနေကို သတိထားစောင့်ကြည့်သွားရမည့်အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း ဇန်နဝါရီ ၇ ရက် အမေရိကန်ဘူမိဗေဒဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဇန်နဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်ငွေ့များ ဟာဝိုင်ရီကျွန်းအနှံ့သို့ ပျံ့နှံ့နေပြီး မီးတောင်ပေါက်ကွဲမှုအဆင့်ကိုလည်း အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားကြောင်း အမေရိကန် ဘူမိဗေဒဝန်ဆောင်မှုအဖွဲ့ကထုတ်ပြန်ခဲ့သည်။ ကီလောင်အာမီးတောင်ပေါက်ကွဲမှုဖြစ်စဉ်မှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များတွင် ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များပါဝင်နေသည့်အတွက် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း အမေရိကန်လေထုအရည်အသွေး စောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ကီလောင်အာမီးတောင်ဟာ ဇန်နဝါရီ ၆ ရက်မှာ ထပ်မံပြီးတော့ ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုနဲ့ပတ်သက်ပြီး အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားပါတယ်။ သတိထားစောင့်ကြည့်သွားရမဲ့ အခြေအနေဖြစ်ပါတယ်။ ချော်ရည်ငွေ့တွေလဲ နေရာအနှံ့ပျံ့နှံ့နေတဲ့အတွက် လေထုညစ်ညမ်းမှုတွေလဲ ဖြစ်ပေါ်နေပါတယ်"ဟု အမေရိကန်ဘူမိဗေဒဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ခဲ့သည်။

ကီလောင်အာမီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်ငွေ့များသည် ကောင်းကင်အထက် ဧက ၃၀၀ အကျယ်အဝန်းထိ ပျံ့နှံ့နေပြီး မီးတောင်နှင့် နီးကပ်စွာတည်ရှိနေသည့် လူနေအိမ်ခြေများအတွက် အန္တရာယ်ရှိနေကြောင်း ဟာဝိုင်ရီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ ဒေသခံများကိုလည်း လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။**ခိုင်းဆက်**

# တန်ဇန်းနီးယားနိုင်ငံ ကမ်းခြေမြို့ဖြစ်သော Dar es Salaam တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ပလတ်စတစ်အမှိုက်တစ်တန်ထိ ကောက်ယူရှင်းလင်းခဲ့

**ဒါရပ်စ်ဆလမ် ဇန်နဝါရီ ၈**

တန်ဇန်းနီးယားနိုင်ငံ ကမ်းခြေမြို့ဖြစ်သော Dar es Salaam တွင် စွန့်ပစ်ပစ္စည်းပြန်လည်အသုံးပြုရေးဖောင်ဒေးရှင်းတစ်ခုမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူအမျိုးသမီးများပါဝင်သောအဖွဲ့က အိန္ဒိယသမုဒ္ဒရာနှင့်ဆက်စပ်နေသောကမ်းခြေတစ်လျှောက် ပလတ်စတစ်အမှိုက်တစ်တန်ကို ဇန်နဝါရီ ၇ ရက်က ကောက်ယူရှင်းလင်းခဲ့ကြောင်း ရှင်ဟွာသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုရေးအမျိုးသမီးဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌဖြစ်သူ Hellen Silas က ဦးဆောင်၍ ၎င်း၏လုပ်ဖော်ကိုင်ဖက်များနှင့်အတူ Dar es Salaam မြို့ရှိ Kawe ကမ်းခြေတွင် ပလတ်စတစ်အမှိုက်များ စုဆောင်းရှင်းလင်းခြင်းကို ဇန်နဝါရီ ၇ ရက်က ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ဖောင်ဒေးရှင်းနှင့်အတူ နိုင်ငံတစ်ဝန်းရှိ အခြားပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများလည်း လာရောက်ပူးပေါင်းခဲ့ပြီး Dar es Salaam မြို့ရှိ Kawe ကမ်းခြေတွင် ပလတ်စတစ်အမှိုက်တစ်တန်ကို ကောက်ယူရှင်းလင်းနိုင်ခဲ့ကြောင်း၊ ကမ်းခြေတစ်လျှောက် ပလတ်စတစ်အမှိုက်များရှင်းလင်းခြင်းကို အနည်းဆုံး သုံးလလျှင်တစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Silasက အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

AZH

# အင်ဒိုနီးရှားနိုင်ငံ ကူပန်မြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် တံတားလေးစင်းပျက်စီးသဖြင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ရ

**ဂျကာတာ ဇန်နဝါရီ ၈**

အင်ဒိုနီးရှားနိုင်ငံ ကူပန်မြို့နယ်အတွင်း ယခင်တစ်ပတ်က မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ရာ မြို့နယ်အတွင်း တံတားလေးစင်းပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ရကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီက ဇန်နဝါရီ ၇ ရက်က ထုတ်ပြန်ခဲ့သည်ဟု Antara News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်ရှိ ကူပန်မြို့နယ်အတွင်း ယခင်တစ်ပတ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားလေးစင်းပျက်စီးကာ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ရကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီမှ အမှုဆောင်အရာရှိချုပ် Ambrosius Kodo က ဇန်နဝါရီ ၇ ရက်က ပြောကြားခဲ့ကြောင်း သိရသည်။

၎င်း၏အဆိုအရ လမ်း၊ တံတားများ ပျက်စီးခဲ့သည့်အပြင် အများပြည်သူဆိုင်ရာအဆောက်အအုံ ၁၁ လုံးလည်းပျက်စီးခဲ့ကြောင်း၊ အဆိုပါအချက်အလက်များသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်ထိ အချက်အလက်များအရ ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါတံတားများနေရာတွင် ရဲတပ်ဖွဲ့အပါအဝင် အဖွဲ့အစည်းအသီးသီး၏ ပံ့ပိုးကူညီမှုဖြင့် အစားထိုးဖြတ်ကူးနိုင်သော ယာယီတံတားတည်ဆောက်၍ အရေးပေါ်ဆောင်ရွက်ထားကြောင်း၊ ဒေသဆိုင်ရာအစိုးရအဖွဲ့က တည်ဆောက်မှုများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီမှ အမှုဆောင်အရာရှိချုပ် Ambrosius Kodo က ပြောကြားခဲ့သည်။

ပြည်နယ်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်ထိ နှစ်ပတ်တာကာလ ပြည်နယ်အတွင်း လေပြင်းတိုက်ခတ်မှုနှင့် ရေကြီးရေလျှံမှုများကြောင့် နေအိမ် ၃၉၆ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

AZH

# ဖီဂျီနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားသည့်ရိုယာမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားခြင်းမရှိသော်လည်း ကြိုတင်ပြင်ဆင်မှုပြုလုပ်ထား

**ဆူဗာ ဇန်နဝါရီ ၈**

ဖီဂျီနိုင်ငံအနောက်ပိုင်းနယ်မြေလူတိုကာဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး လမ်းမကြီးတချို့ရေမြုပ်သည်ထိ ဖြစ်ပွားနေသော်လည်း အာဏာပိုင်အဖွဲ့အစည်းက ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် ရိုယာတွင် နေထိုင်သောဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက် ထုတ်ပြန်ထားခြင်းမရှိသော်လည်း ကြိုတင်ပြင်ဆင်မှုပြုလုပ်ထားကြောင်း Fiji Times သတင်းဌာနက ဇန်နဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုအခြေအနေဆိုးရွားနေသော်လည်း လူနေအိမ်ခြေများနှင့် အခြေခံအဆောက်အအုံများကို ပျက်စီးစေနိုင်သည့်အဆင့်မျိုး မဟုတ်သေးသည့်အတွက် အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားခြင်းမရှိသေးကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားခြင်းမရှိသေးသော်လည်း ရေဘေးသင့်ပြည်သူများကို ကူညီပေးနေကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။


"အနောက်ပိုင်းနယ်မြေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပွားနေပါတယ်။ ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ရေမြုပ်နေတယ်။ ဒါပေမဲ့လဲ သက်ဆိုင်ရာဌာနအလိုက်ကတာဝန်ရှိသူတွေနဲ့ လူထုအဖွဲ့အစည်းတွေရဲ့ သဘောထားမှတ်ချက်အရ ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အဆင့်မျိုးမရောက်သေးတဲ့အတွက် ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ မညွှန်ကြားသေးတာပါ။ ပုံမှန်ဆိုရင်တော့ ရေကြီးရေလျှံမှုဖြစ်လို့ ဘေးလွတ်ရာ ရွှေ့ပြောင်းရမယ်ဆိုရင် စာသင်ကျောင်းတွေကိုပဲ ယာယီကယ်ဆယ်ရေးစခန်းအဖြစ် အသုံးပြုပါတယ်။ လောလောဆယ်ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားချက်မထုတ်ရသေးပေမဲ့လဲ စာသင်ကျောင်းတွေကိုတော့ လိုအပ်လာရင် ကယ်ဆယ်ရေးစခန်းအဖြစ် အသုံးပြုသွားဖို့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ပေးထားဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်"ဟု ဖီဂျီအနောက်ပိုင်းနယ်မြေအာဏာပိုင်အဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူ အပိုလိုစီက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

0 w Kv d @

# အရုဏ်ဦးမှာပွင့်တဲ့ကြာ

လင်းလက်ကြယ်(လက်ပံလှ)



(၁)

နွယ်ရုံဈေးတန်းလေးရဲ့ မနက်ခင်းပိုင်းလေးက ဈေးဝယ်သူ၊ ဈေးရောင်းသူတို့ရဲ့အသံတွေနဲ့ဆူညံလို့။ ဈေးလို့ခေါ်ပေမဲ့လဲ ဆိုင်ခန်းတွေနဲ့မဟုတ်ခဲ့ဘူး။ ကားလမ်းအရှေ့ဘက်၊ အနောက်ဘက်မှာ မိုးကာအခင်းလေးတွေနဲ့ ရာသီပေါ် ဟင်းသီးဟင်းရွက်၊ သားငါးလေးတွေကို ရောင်းချနေကြတာ။

"လာနော်အစ်မရေ။ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်တွေရမယ်နော်"

"မသူဇာ ကျွန်မကို ကန်စွန်းရွက်ငါးရာဖိုးလောက်"

"ဟုတ်ကဲ့ပါအစ်မရေ။ ဒီနေ့ နေမြင့်တာပါလား"

အမြဲတမ်းဝယ်နေကျလဲဖြစ်၊ ဈေးရောင်းလာတာနှစ်ကြာလာတော့ လူရင်းတွေလိုဖြစ်နေပြီဖြစ်တဲ့အတွက် ဒေါ်သူဇာနှုတ်ဆက်စကားဆိုရင်း ပြောလိုက်တယ်။

"ဟုတ်တယ် မသူဇာရေ။ အိမ်ကအမျိုးသားက ကန်စွန်းရွက်ကြော်လေး စားချင်တယ်ဆိုလို့ ကန်စွန်းရွက်ပဲလာဝယ်တာ"

ဒေါ်သူဇာ ခေါင်းညိတ်ရင်း ကန်စွန်းရွက်သုံးစည်းကို အိတ်လေးထဲထည့်ပြီး ပေးလိုက်တယ်။

"ဒါနဲ့မသူဇာသမီးလေးတွေ စာမေးပွဲအောင်ကြလား"

ဈေးဝယ်တဲ့အမျိုးသမီးက ကန်စွန်းရွက်ဖိုးပိုက်ဆံပေးရင်း ဒေါ်သူဇာ့ကိုမေးလိုက်တယ်။

"အောင်ပါ့တော်။ အောင်ရုံတင်ဘယ်ကမလဲ ဂုဏ်ထူးတစ်ဘာသာစီတောင်ပါသေး"

ဒေါ်သူဇာမဖြေသေးခင် ဘေးကနေ ဈေးကူရောင်းပေးနေတဲ့ မသေးက ဝင်ပြောလိုက်တယ်။ မသေးက အဲဒီလိုဝင်ပြောလိုက်တော့ မသေးကို ဒေါ်သူဇာပြန်ပြီး ပြုံးပြလိုက်မိတယ်။

(၂)

မနက်ခင်းပိုင်းဈေးရောင်းပြီးလို့ ညနေခင်းရောက်တော့ ရပ်ကွက်ထဲ ပန်းရောင်းထွက်ဖို့ ဒေါ်သူဇာ ပြင်လိုက်တယ်။ ပင်ပန်းတယ်ဆိုပေမဲ့ လင်မရှိ မုဆိုးမတစ်ယောက်အတွက် ဒီလုပ်ငန်းက အသင့်တော်ဆုံးပဲလို့ ဒေါ်သူဇာတွေးထင်မိခဲ့တယ်။ ယောက်ျားဖြစ်သူရှိတုန်းက ဒေါ်သူဇာ့မှာ ဘာအလုပ်မှမလုပ်ခဲ့ရဘူး။ မချမ်းသာပေမဲ့ ယောက်ျားရှေ့အင်းဆင်းပြီး လုပ်ကိုင်တာလေးနဲ့ အတော်အသင့်အဆင်ပြေသေးတယ်။ အဲဒီတုန်းက အမြွာဖြစ်တဲ့သမီးကြီးနဲ့ သမီးလတ်က ရှစ်တန်းရောက်နေပြီ။ သမီးငယ်လေးက ခြောက်တန်းရှိသေးတာ။ ယောက်ျားဖြစ်သူ အင်းပိလို့ဆုံးသွားပြီးနောက် မိသားစုတာဝန်က ဒေါ်သူဇာ့ခေါင်းပေါ် ရောက်ခဲ့တယ်။ ယောက်ျားရှိတုန်းက ဘာအလုပ်မှမလုပ်ခဲ့တဲ့အတွက် ယောက်ျားဆုံးသွားပြီးနောက် သမီးသုံးယောက်နဲ့အတူ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိခဲ့ဘူး။ နောက်ဆုံးတော့ မိမိကိုယ်ကို အားကိုးရာဆိုတဲ့စိတ်လေးနဲ့ ဈေးလဲရောင်း၊ အဝတ်လဲအငှားလျှော်တဲ့အလုပ်ကို တွဲလုပ်ခဲ့ရတယ်။ ဒါမှလဲ သမီးလေးတွေရဲ့ကျောင်းစရိတ်နဲ့ မိသားစုစားဝတ်နေရေးလေးအဆင်ပြေနိုင်မှာ။ အခုတော့ ပင်ပန်းခဲ့တာတွေ မမောအောင် သမီးကြီးနဲ့ သမီးလတ်က ဆယ်တန်းကို ဂုဏ်ထူးတစ်ဘာသာစီနဲ့ နှစ်ချင်းပေါက်အောင်မြင်ခဲ့တယ်။ ဒေါ်သူဇာတွေးရင်း ပန်းစည်းတွေထည့်ထားတဲ့ ဗန်းကို ခေါင်းပေါ်ရွက်ကာ ပန်းရောင်းထွက်ခဲ့တယ်။

(၃)

"အမေ မမကြီးနဲ့မမလတ် ရန်ဖြစ်နေကြတယ်"

"ဟုတ်လားသမီးငယ်။ ဘယ်နားမှာလဲ"

"အိပ်ခန်းထဲမှာ"

ပန်းရောင်းပြီးလို့ အိမ်ကိုရောက်ရောက်ချင်း သမီးငယ်က ပြောလိုက်တာ။ သမီးငယ်ရဲ့စကားကြောင့် ဒေါ်သူဇာစိုးရိမ်သွားမိတယ်။ သမီးတွေ အခုလိုရန်ဖြစ်တယ်ဆိုတာ တစ်ခါမှလဲ မကြားဖူးဘူး။ ဖြစ်လဲမဖြစ်ကြဘူးရယ်။ တစ်ယောက်နဲ့တစ်ယောက် အလွန်ချစ်ကြတာ။ သေချာသိရအောင်လို့ သူတို့အသံကြားနိုင်မဲ့နေရာလေးကနေ နားထောင်နေလိုက်တယ်။

"နင့်ကို ငါ အတန်တန်တားရဲ့နဲ့ မိုက်ဖြစ်အောင်မိုက်ခဲ့တယ် အလတ်မရာ။ ပင်ပင်ပန်းပန်းနဲ့ရှာကျွေးနေတဲ့ အမေ့မျက်နှာမှမထောက်။ နင်မိုက်လုံးကြီးလိုက်တာဟာ"

"တော်ပါတော့အစ်မရယ် ညီမလေး တောင်းပန်ပါတယ်။ ညီမလေးသာ အသေသတ်လိုက်ပါ"

သမီးနှစ်ယောက်ရဲ့ငိုသံနဲ့အတူ ပြောနေတဲ့စကားတွေကြောင့် ဒေါ်သူဇာဘုရားတမိလိုက်တယ်။ အဓိပ္ပာယ်တွေက အဆက်စပ်မရှိပေမဲ့ မိခင်တစ်ယောက်၊ မိန်းမသားတစ်ယောက်အနေနဲ့ နားလည်နေမိတယ်။ စိုးရိမ်စိတ်နဲ့အတူ ခြေလက်တွေတုန်လာပြီး ရင်ဘတ်ထဲကလဲ တစ်ဆို့ဆို့ဖြစ်လို့လာတယ်။ ရင်ဘတ်ကို လက်နဲ့ဖိပြီး သမီးနှစ်ယောက်ရှိတဲ့အိပ်ခန်းထဲကို ဝင်သွားလိုက်တယ်။

"ဟင် အမေ"

ရုတ်တရက်ဝင်လာတဲ့ဒေါ်သူဇာ့ကိုမြင်ပြီး သမီးနှစ်ယောက်က လန့်ပြီး အော်ခေါ်လိုက်တယ်။

"ပြောစမ်းသမီးကြီး နင့်ညီမဘာဖြစ်တာလဲ။ အမေ့ကိုပြောစမ်း။ အမေ ရင်တွေတုန်လို့ပါ"

အခန်းထဲရောက်တော့ သမီးကြီးကို အရင်မေးလိုက်တယ်။ ငိုသံတို့နဲ့အတူ သမီးကြီးက အကြောင်းစုံပြောပြလိုက်တော့ ဒေါသမီးအဟုန်တို့ တောက်လောင်ပြီး သမီးလတ်ရှေ့ဒေါ်သူဇာသွားလိုက်တယ်။

"မိုက်လိုက်တာသမီးလတ်ရယ်။ ငါ့ကိုသာ အသေသတ်ပစ်လိုက်ပါလားအေ။ နင့်မှာ စဉ်းစားနိုင်တဲ့ဦးနှောက်မရှိဘူးလား"

ဒေါသသံ၊ ငိုသံတွေနဲ့အတူ သမီးလတ်ရဲ့ ပခုံးနှစ်ဖက်ကို လှုပ်ကိုင်ကာ မေးလိုက်တယ်။

"သမီး သမီးမှားပါတယ်အမေရယ်။ သမီးကို ခွင့်လွှတ်ပါ"

သမီးလတ်က လက်အုပ်လေးချီပြီး ငိုနေရင်း တောင်းပန်လိုက်တယ်။

"နင့်ကောင်လေးကို ဒီကိစ္စပြောပြီးပြီလား"

"ပြော ပြောပြီးပြီ။ သူကဖျက် ဖျက်ချခိုင်းတယ်။ သမီးကို မယူနိုင်သေးဘူးတဲ့"

"ဘာ"

ဒေါ်သူဇာ ဒေါသနဲ့အတူ သမီးလတ်ကို တွန်းလွှတ်လိုက်တယ်။

"ဒီလောက် မိုက်လုံးကြီးတဲ့သမီးမိုက်။ မိဘကို အရှက်ခွဲတဲ့သမီး။ ကဲဟာ ကဲဟာ"

"တော် တော်ပါတော့ အမေရယ် တော်ပါတော့။ အလတ်မသေသွားပါလိမ့်မယ်"

ဒေါ်သူဇာ သမီးကြီးတားတော့မှ စိတ်ကိုထိန်းရင်း သမီးကြီးကိုဖက်ပြီး ငိုချလိုက်တယ်။ ငိုနေရင်း ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ စဉ်းစားနေမိတယ်။ ပါးပြင်ပေါ်က မျက်ရည်တွေသာ တသွင်သွင်စီးကျပေမဲ့ အဖြေကမထွက်။ အတွေးတွေသာ ရဟတ်လိုလည်ပတ်ပေမဲ့ ဖြေရှင်းနိုင်တဲ့နည်းလမ်းကမတွေ့ဘူး။ အခန်းလေးထဲမှာတော့ ငိုရှိုက်သံတို့က တစ်ချက်တစ်ချက်ထွက်ပေါ်လို့နေတယ်။ သမီးလတ်ကိုကြည့်လိုက်တော့ သမီးကြီးနောက်မှာ ကုပ်ကုပ်လေးထိုင်ပြီးငိုနေတာ။

"ဒီကိစ္စကို ဒီတိုင်းနေလို့တော့မဖြစ်ဘူး"

ဒေါ်သူဇာ့စကားသံကြောင့် သမီးနှစ်ယောက်က ငိုနေတဲ့မျက်ဝန်းတွေနဲ့ မော့ကြည့်လိုက်တယ်။

"ကောင်လေးအိမ်ကိုငါ့လိုက်ပို့။ လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးတယ်ဆိုတဲ့ ပတ်ဝန်းကျင်ရဲ့ကဲ့ရဲ့မှုထက် ကောင်လေးနဲ့ ကောင်လေးမိဘတွေကို အောက်ကျို့ခံရတာကတော်သေး။ ခွေးဖြစ်မှတော့ ချေးစားဖို့ဝန်မလေးတော့ဘူး"

ပြတ်သားတဲ့ဆုံးဖြတ်ချက်နဲ့အတူ ပါးပြင်ပေါ်က စီးကျနေတဲ့မျက်ရည်တို့ကို ဒေါ်သူဇာသုတ်လိုက်ပြီး သမီးလတ်နဲ့အတူ ကောင်လေးမိဘအိမ်ဆီထွက်ခဲ့တယ်။

(၄)

သတို့သမီးဝတ်စုံလေးနဲ့ လှနေတဲ့သမီးလတ်ကိုကြည့်ရင်း ဒေါ်သူဇာနှမြောတသဖြစ်နေမိတယ်။ သမီးနှစ်ယောက် ဆယ်တန်းအောင်တယ်ဆိုတုန်းက ပျော်လိုက်ရတာ။ သမီးနှစ်ယောက်လဲ သူတို့ရည်ရွယ်ချက်လေးတွေပြည့်တော့မယ်။ သမီးကြီးက ရဲထဲဝင်ပြီး သူရတဲ့ လစာလေးနဲ့ အိမ်ကိုလဲ ထောက်ပံ့ရင်း အဝေးသင်တက်မယ်။ သမီးလတ်က ကျောင်းဆရာမလုပ်မယ်ဆိုပြီး သူတို့ရည်ရွယ်ချက်လေးတွေ ပြောပြတုန်းက အတွေးနဲ့ကို ဒေါ်သူဇာပီတိဖြစ်နေခဲ့တယ်။ အခုတော့ သမီးလတ်က ရည်ရွယ်ချက်မရောက်ခင် အိမ်ထောင်ကျသွားတော့တယ်။ ဒေါ်သူဇာတွေးရင်းနဲ့ မျက်ရည်တွေဝဲလာမိတယ်။ ဒါပေမဲ့ အဆိုးထဲက အကောင်းလို့ပြောရမှာ။ သမီးလတ်နဲ့အတူ ကောင်လေးမိဘအိမ်သွားပြောတုန်းက ကောင်လေးကလဲဝန်ခံပြီး မိဘတွေကလဲ ရှောရှောရှုရှုနဲ့လက်ခံပေးတဲ့အတွက် တော်သေးတယ်။ နို့မို့ဆို ပတ်ဝန်းကျင်မှာ ဒေါ်သူဇာတို့ ခေါင်းဖော်နိုင်မှာမဟုတ်ဘူး။

"သူဇာရေ ဧည့်သည်တွေလဲလာနေပြီ။ သတို့သားမိဘတွေလဲ ရောက်နေပြီ"

သမီးလတ်ကိုကြည့်ပြီး တွေးနေတုန်း ခေါ်သံကြောင့် လှမ်းကြည့်လိုက်တယ်။

"ထွက်လာပြီမသေးရေ သမီးလတ်ကိုစောင့်နေတာ"

မသေးကိုအော်ပြောလိုက်ပြီး သမီးတွေနဲ့အတူ အိမ်ပေါ်ကဆင်းကာ မင်္ဂလာခန်းမထဲသို့ဝင်သွားလိုက်တယ်။ မင်္ဂလာခန်းမထဲမှာတော့ ဧည့်သည်တွေက စုံနေပြီ။ သတို့သားကမတွေ့ရသေး။ သမီးလတ်ကို သတို့သား၊ သတို့သမီးထိုင်တဲ့ခုံနေရာမှာထားခဲ့ပြီး သတို့သားမိဘတွေနဲ့အတူ ဧည့်သည်တွေကို ဧည့်ခံနေလိုက်တယ်။ တစ်အောင့်ကြာတော့ သမီးလတ်ကို လှမ်းကြည့်လိုက်တယ်။ သမီးလတ်ဘေးမှာ သတို့သားက မရောက်သေးဘူး။ ကောင်လေးတစ်ယောက် သတို့သားမိဘတွေကို လာခေါ်သွားတော့ ဘာများဖြစ်တာပါလိမ့်လို့ မသေးကို လိုက်ပြီးစုံစမ်းခိုင်းလိုက်တယ်။ သတို့သမီးတစ်ယောက်တည်း ခန်းမထဲရှိနေတဲ့အတွက် တချို့ကလဲ ဖွင့်မမေးပေမဲ့ ကွက်ကြည့်ကွက်ကြည့်နဲ့။ သမီးလတ်ကိုကြည့်လိုက်တော့ သူ့ရှေ့က စားပွဲခုံကို စိုက်ကြည့်နေတာ။ ဒေါ်သူဇာ သမီးလတ်ဆီသွားပြီး သမီးလတ်ရဲ့လက်ကလေးကို ဆုပ်ကိုင်ထားလိုက်တယ်။ အေးစက်နေတဲ့သမီးလတ်ရဲ့လက်ကို ကိုင်ရင်း ဖက်ထားလိုက်တယ်။ ရင်ထဲမှာတော့ စိုးရိမ်စိတ်တို့က စိုးမိုးနေတာ။

"သူဇာရေ ကိုယ်ကျိုးတော့နည်းကုန်ပြီ"

ပျာယီးပျာယာနဲ့ဝင်လာပြီး အော်ပြောလိုက်တဲ့ မသေးရဲ့စကားကို ဒေါ်သူဇာနားမလည်။

"ဘာဖြစ်လို့လဲ မသေး"

စာမျက်နှာ ၂၅သို့ ➤

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၁၃၀ စိုက်ပျိုးပြီးစီး



**မုံရွာ ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၃၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

"ဟင်းသီးဟင်းရွက်စိုက်တောင်သူတွေကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဟင်းသီးဟင်းရွက် ၁၇၆၆ ဧက စိုက်ပျိုးဖို့လျာထားတာ။ ကနေ့ထိ ဟင်းသီးဟင်းရွက်ဧက ၁၁၃၀ စိုက်ပျိုးပြီးသွားပြီ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၁၀၈ ဧက၊ လဟယ်မြို့နယ်တွင် ဧက ၆၅၀၊ ထန်ပါခွေမြို့တွင် ဧက ១၅၀၊ နန်းယွန်းမြို့နယ်တွင် ၁၀၀ ဧက၊ ဒုံဟီးမြို့တွင် ဧက ၅၀၊ ပန်ဆောင်မြို့တွင် ၇၂ ဧက စုစုပေါင်း ဧက ၁၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံများဖြစ်စေရန် တို့အတွက် နည်းပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

## မြင်းခင်းပွဲ သဘင်

\- လပြာသို နှင်းရည်ဖျန်းတော့
ခွာညိုပန်း ဖူးပွင့်ပြီ
မွှေးရနံ့သီ၊
အနိုင်ရဖို့ အားမာန်ချီ
ပန်းတိုင်ဆီ အရောက်နွှဲ၊
ရိုးရာအမွေ မပျက်ယွင်းအောင်
တန်ခိုးဖြာဝေ လက်တစ်စင်းနဲ့
မြင်းခင်းတဲ့ ပွဲ။

\- ဆူဆူညံ အသံမစဲပေါ့
လှံ့လ ဖွဲ့ ထပ်ဆင့်တင်
မြင်းခင်းသဘင်၊
ရာသီတစ်လရဲ့ ပွဲတော်တွင်
ပျော်ပျော်ရွှင်ရွှင် ကျင်းပမှု၊
ပြည်မြန်မာ ဂုဏ်ရောင်ထင်းဖို့
ကြည်သာယာ ပုံဆောင်အခင်းက
အပ်နှင်းသော ဆု။ ။

**ဗေဒါမောင်(ပညာရေး)**

# မိုင်းယောင်းမြို့နယ် ဝပ်ကောင်း-ထန်ကြန့်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝပ်ကောင်း-ထန်ကြန့်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပြည်နယ်ဦးစီးမှူးဦးတင့်ဝေ၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန့်ဇင်၊ မိုင်းယောင်းခရိုင်ဦးစီးမှူး ဦးစိုင်းထိုဌေး၊ မြို့နယ်ဦးစီးမှူးဦးစံလင်းနှင့်တာဝန်ရှိသူများက ဝပ်ကောင်းကျေးရွာ၌ ဝပ်ကောင်း-ထန်ကြန့် ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှတာဝန်ခံများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



မိုင်းယောင်းမြို့နယ် ဝပ်ကောင်း-ထန်ကြန့်ကုန်ထုတ်လမ်းအရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် အရှည် ၂၂ ပေ၊ အကျယ် ငါးပေ၊ အမြင့်ငါးပေရှိ Box Culvert တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၃၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# မင်းဘူးမြို့နယ် ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ဖြူကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမျိုးသူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်အဖြစ် ဖြူကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**



➤ စာမျက်နှာ ၂၄မှအဆက်

မသေးအလာကို မစောင့်တော့ဘဲ မသေးဆီကို ဒေါ်သူဇာ သွားလိုက်တယ်။

"နင့်သမီးကောင်လေးက အခြားကောင်မလေးကို ခိုးသွားပြီတဲ့"

"ရှင်"

"ဝုန်း"

ဒေါ်သူဇာ အသံလာရာကိုလှည့်ကြည့်လိုက်တော့ မြေပြင်ပေါ်လဲကျသွားတဲ့သမီးလတ်ကိုတွေ့လိုက်တယ်။

"သမီး သမီးလတ် သမီးလတ်"

သတို့သမီးလက်ကိုင်ပန်းလေးနဲ့အတူ မြေပြင်ပေါ်လဲကျသွားတဲ့ သမီးလတ်ဆီကို ရင်ဘတ်ဖိပြီး ပြေးသွားလိုက်တယ်။ သောကတွေ၊ စိုးရိမ်စိတ်တွေနဲ့အတူ ခေါင်းထဲက မိုက်ခနဲဖြစ်ပြီး ဒေါ်သူဇာလဲကျသွားတယ်။

"မသူဇာ မသူဇာ"

"အမေ အမေ၊ ညီမလေး အမေ"

ခန်းမထဲကလူတွေနဲ့အတူ သမီးကြီးရဲ့အော်ခေါ်သံတို့ကို ဒေါ်သူဇာ မကြားနိုင်ခဲ့ဘူး။

(၅)

အတိတ်က ခါးသီးခဲ့တဲ့ လောကဓံကိုပြန်တွေးရင်း အလိုလိုစီးကျလာတဲ့ မျက်ရည်တို့ကို ဒေါ်သူဇာသုတ်လိုက်တယ်။ မိန်းမသားတွေဆိုပေမဲ့ ရက်စက်တဲ့လောကဓံကြားက ဘဝမုန်တိုင်းတွေကို ဖြတ်ကျော်နိုင်ခဲ့တယ်။ စာနာစိတ်မရှိတဲ့လူတွေကြားမှာ နေထိုင်ရင်း၊ ကဲ့ရဲ့တဲ့စကားသံတွေကို ဥပေက္ခာပြုပြီး အပြစ်မဲ့တဲ့ကလေးလေးကိုလဲ မွေးဖွားနိုင်ခဲ့တယ်။ အခုတော့ အဲဒီကလေးလေးတောင် ဆယ်နှစ်ရှိနေပြီ။ လူတကာရဲ့ကဲ့ရဲ့ခြင်းကို လူးလိမ့်အောင်ခံခဲ့ရတဲ့ သမီးလေးတွေလဲ သူ့အနာဂတ်လေးတွေနဲ့သူ လှပလို့။ သမီးလတ်ကလဲ မျက်နှာသာမပေးတဲ့ လောကဓံကိုအန်တုရင်း အထည်ဆိုင်လေးဖွင့်ကာ မိဘကိုလုပ်ကျွေးလို့နေပြီ။ အတိတ်ကငိုသံတွေ လွှမ်းမိုးခဲ့တဲ့မိသားစုလေးမှာ အခုတော့ ရယ်သံတွေလွှမ်းခြုံလို့ အရာရာ အဆင်ပြေခဲ့ပေါ့။

မိသားစုဓာတ်ပုံလေးကိုကြည့်နေရာမှ ခြံအဝင်ဘက်ကို ဒေါ်သူဇာ လှည့်ကာ ကြည့်လိုက်မိတယ်။ တာဝန်တွေကြားထဲက အလည်ပြန်လာတဲ့ သမီးနှစ်ယောက်နဲ့အတူ သွားကြိုတဲ့သမီးနဲ့ မြေးလေးတို့ရဲ့ ပြန်အလာကို အပြုံးတို့နဲ့ စောင့်ကြိုနေလိုက်တယ်။

# အစာအဆိပ်သင့်ခြင်း ကင်းဝေးကြစေချင်

ပေါက်ပေါက်

အစာအဆိပ်သင့်ခြင်းသည် အသက်အန္တရာယ်အပိုင်းအခြားမရွေးဖြစ်တတ်သည်။ မသန့်ရှင်းသောအစားအသောက်များကို စားသုံးမိခြင်း၊ ရောဂါပိုးများနှင့် အခြားအဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများ၊ စည်သွတ်ဘူး အစားအစာများ၊ အကြေးခွံပါသော ငါးများ၊ မှိုနှင့် အပင်များ၊ ငါးနှင့် ခရုများရှိ အဆိပ်ဖြစ်စေသော ဓာတ်ပစ္စည်းများ၊ အမှည့်လွန်သစ်သီးများ၊ ရက်လွန် အစားအစာများ၊ ပုံစံပျက်ယွင်းသွားသော နို့နှင့် နို့ထွက်ပစ္စည်းများ စသည်တို့ကြောင့် အစာအဆိပ်သင့်မှုဖြစ်ပွားနိုင်သည်။ ထို့ပြင် မိလ္လာ သို့မဟုတ် ရေဆိုးမြောင်းများနှင့်ဆက်စပ်နေသောရေဖြင့် အစားအစာတို့ကိုဆေးကြောမိပါက ၎င်းအစားအစာများတွင် ဇက်တီးရီးယားပိုးများပါဝင်လာပြီး အစာ အဆိပ်သင့်စေနိုင်သည်။ ထို့ကြောင့် အစားအသောက်ကို ချက်ပြုတ်ပြင်ဆင်သူများက အထူးသတိထားသင့်ပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် အန္တရာယ်ရှိသော ဇက်တီးရီးယားများ၊ ဗိုင်းရပ်များ၊ ကပ်ပါးပိုးများ သို့မဟုတ် ဓာတုပစ္စည်းများပါရှိသော အစားအစာများသည် ဝမ်းပျက်ခြင်းမှ ကင်ဆာထိ အမျိုးမျိုးသောရောဂါပေါင်း ၂၀၀ ကျော်ကို ဖြစ်စေနိုင်ကြောင်း၊ အစားအသောက်မသန့်ရှင်းရာမှ ဖြစ်ပေါ်လာသောရောဂါများကြောင့် နှစ်စဉ် အသက်ငါးနှစ်အောက် ကလေးသေဆုံးမှု ၁၂၅၀၀၀ ခန့်ထိရှိနေကြောင်းနှင့် ခန့်မှန်းခြေ လူဦးရေသန်း ၆၀၀ ခန့် သို့မဟုတ် လူ ၁၀ ဦးလျှင် တစ်ဦးသည် မသန့်ရှင်းသောအစားအစာကို စားသုံးမိသဖြင့် နှစ်စဉ် လူပေါင်း ၄၂၀၀၀၀ သေဆုံးနေရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အသင့်စားသုံးနိုင်သောအကင်မျိုးစုံစားသုံးမှု ပိုများလာသည်။ ဒေသအနှံ့အပြားရှိ စားသောက်ဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များတွင်လည်း အလွယ်တကူရရှိနိုင်သည့် အသားလုံး၊ အသားပြားစသည်ဖြင့် စားချင်စဖွယ်ပုံစံအမျိုးမျိုးတို့ဖြင့် ခင်းကျင်းပြသထားသည်ကို တွေ့မြင်ကြရသည်။ အဆိုပါအစားအစာများတွင် အသုံးပြုထားသည့် အသားအမျိုးအစား၊ ကြာရှည်ခံဆေးများ၊ အရောင်တင်ဆေးများ ပါဝင်နေမှုနှင့် အချိုးအစား၊ သက်ဆိုင်ရာအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ခွင့်ပြုချက်၊ ထောက်ခံချက်ရရှိမှု စသည့် စားသုံးသူဆိုင်ရာသတင်းအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိပေ။ သို့ဖြစ်၍ အဆိုပါ အသားချောင်းများ၊ အသားလုံးများကြောင့်လည်း အစာအဆိပ်သင့်မှုများ ဖြစ်ပေါ်လေ့ရှိကြသည်။

**ရောဂါလက္ခဏာများ**

ဗိုင်းရပ်များ၊ ဇက်တီးရီးယားများကြောင့် အစာအဆိပ်သင့်ခြင်းများမှာ ၃ နာရီနှင့် ၅ နာရီအတွင်း အစာအဆိပ်သင့်လက္ခဏာပြသကဲ့သို့ တချို့က ခန္ဓာကိုယ်ထဲဝင်ရောက်ပြီး ၆ နာရီမှ ၁၂ နာရီခန့်အတွင်း ရောဂါလက္ခဏာပေါ်လာကြသည်။ ဓာတ်မြေသြဇာပါသည့်အသီးအရွက်ကို ကုန်စင်အောင် မဆေးကြောဘဲ စားသောက်မိလျှင် ဓာတုပစ္စည်းကြောင့် အစာအဆိပ်သင့်ခြင်းမှာ အချိန်တိုအတွင်း လက္ခဏာပြသည်။

ကြွက်တက်ခြင်း၊ ချွေးထွက်ခြင်း၊ အော်ဂလီဆန်ခြင်း၊ ဝမ်းဖော‌ခြင်းနှင့် မူးမော်ခြင်းလက္ခဏာများသည် တစ်ရက်၊ နှစ်ရက်အတွင်း ပျောက်ကင်းသွားလေ့ရှိသည်။ သို့သော် အသက်ငယ်လွန်းသူ၊ အသက်ကြီးရင့်သူ၊ နာတာရှည်ရောဂါတစ်မျိုးမျိုးခံစားနေရသူ၊ ကိုယ်ခံအားစနစ်ပျက်ပြားသူများအတွက် စိုးရိမ်ရသည်။ စိုးရိမ်ဖွယ်ကောင်းသော အစာအဆိပ်သင့်လက္ခဏာများမှာ -

- အစာမျိုရန်၊ စကားပြောရန်၊ အသက်ရှုရန်ခက်ခဲပြီး မျက်စိအမြင်ပြောင်းလဲခြင်း၊ လှုပ်လှုပ်ရှားရှား မသယ်ချင်၊ မပြုချင် ခံစားနေရခြင်း။
- ကိုယ်အပူချိန် အဖျား ၁၀၀ ဒီဂရီဖယ်ရင်ဟိုက်ထက် ကျော်နေခြင်း။
- မည်သည့်အစာနှင့် ရေတို့ကိုမျှ ဝမ်းဗိုက်က လက်မခံဘဲ အန်ထုတ်နေခြင်း။
- တစ်ရက်၊ နှစ်ရက်ထက်ကျော်၍ ဝမ်းဖော ဝမ်းပျက်ဖြစ်နေခြင်း။
- ဝမ်းဗိုက်ထဲတွင် တစ်နေရာတည်း ဆက်တိုက်နာခြင်း။
- ရေအလွန်ငတ်ပြီး အာခြောက်နေခြင်း။
- ဆီးသွားနည်းလာပြီး လက်ဖမိုးမှ အရေပြားကို ဆွဲ၍တင်လိုက်သည့်အခါ အရေပြားပါမလာဘဲ ကပ်နေခြင်း။
- ကိုယ်တွင်း၌ ရေဓာတ်ခန်းခြောက်နေခြင်း။
- ဝမ်းသွားရာတွင် သွေးပါခြင်းတို့ဖြစ်သည်။

**အကောင်းဆုံးအိမ်တွင်းကုထုံးများ**



(က) အစာအဆိပ်သင့်ခြင်းအတွက် ပန်းသီးရှာလကာရည်က အကောင်းဆုံးဆေးတစ်ခွက်ဖြစ်သည်။ အစာမစားမီ ရေနွေးဖန်ခွက်ထဲသို့ ပန်းသီးရှာလကာရည် လက်ဖက်ရည်ဇွန်းနှစ်ဇွန်းထည့်ရောမွှေ၍ သောက်ပါ။ (ကုန်တိုက်ကြီးများတွင် ပန်းသီးရှာလကာရည်ကို အလွယ်တကူဝယ်ယူနိုင်သည်)။ (ခ) ပူဒီနာရွက် လတ်လတ်ဆတ်ဆတ်ကို လက်ဖက်ရည်ကြမ်းကဲ့သို့ သောက်ပါ။ ပူဒီနာရွက်ပါသော သကြားလုံး သို့မဟုတ် ပီကေစားပါ။ ပူဒီနာရွက်ဖြင့် ဖော်စပ်ထားသည့် သွားတိုက်ဆေးသုံးပါ။ (ဂ) သောက်ရေသန့်တစ်ဖန်ခွက်ထဲသို့ သံပရာရည်လက်ဖက်ရည်ဇွန်းနှစ်ဇွန်း၊ ဆားလက်ဖက်ရည်ဇွန်းနှစ်ဇွန်း၊ သကြားလက်ဖက်ရည်ဇွန်းတစ်ဇွန်းတို့ရောမွှေ၍ ဖြည်းဖြည်းချင်းသောက်ပါ။ (ဃ) ကြက်ပြုတ်ရည်သောက်ပါ။ (င) အစာတစ်ခုခုစားပြီးနောက် ချင်းပြုတ်ရည်သောက်ပါ သို့မဟုတ် ချင်းခြောက်မှုန့်ဖျော်ရည်သောက်ပါ။ (စ) ကုလားဟင်းချက်ရာတွင်သုံးသည့် ပဲနံ့သာပင်အစေ့ကို မှီဝဲနိုင်သည်။ ပဲနံ့သာပင်အစေ့ လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့်ကို ဒိန်ချဉ်(ကျဲကျဲ) တစ်ခွက်ဖြင့် ရောသောက်ပါ (ပဲနံ့သာပင်အစေ့ကို အထူးတလည် ဝါးမစားဘဲမျိုချပါ)။ (ဆ) ပင်စိမ်းရွက်ကို ကြိတ်ခြေ၍ ပျားရည်ဖြင့်သောက်ပါ သို့မဟုတ် ပင်စိမ်းရွက်သတ္တုရည်ကို သောက်ရေတစ်ဖန်ခွက်ဖြင့် သောက်ပါ။ (ဇ) ကြက်သွန်ဖြူကို အစိမ်းလိုက်ဝါးစားပါ။ (ဈ) ငှက်ပျောသီးဖြီးကြမ်း မှည့်မှည့်စားပေးပါ။ (ည) ဇီရာစေ့ကိုကြိတ်ခြေ၍ ရေအေးဖြင့် သောက်ပါ (ရေခဲရေမဟုတ်ပါ)။ (ဋ) ပျားရည်လက်ဖက်ရည်ဇွန်းနှစ်ဇွန်းခန့်ကို ရေနွေးဖြူတစ်ဖန်ခွက်ထဲသို့ရောဖျော်၍ သောက်ပါ။ (ဌ) ဘာလီဖျော်ရည်သောက်ပါ။ (ဍ) ထမင်းရည်ကျဲကျဲသောက်ပါ။ (ဎ) ချင်းပြုတ်ရည်ထဲကို ပျားရည်ထည့်သောက်ပါ။

**နာလန်ထလူနာများအတွက် ဆောင်ရန်၊ ရှောင်ရန် အစားအစာများ**

(က) အစာအဆိပ်သင့်ဖြစ်ပြီးနောက် ခန္ဓာကိုယ်ထဲရှိ ဆုံးရှုံးသွားသောအရည်ဓာတ်များကို ပြန်လည်ဖြည့်တင်းသည့်အနေဖြင့် သောက်ရေ သို့မဟုတ် ရေနွေးကြမ်း သို့မဟုတ် သဘာဝသစ်သီးဖျော်ရည်တို့ကို တကျိုက်ချင်းစီ ဖြည်းဖြည်းငုံ၍ သောက်ပါ။ (ခ) သီးစုံဓာတ်ဆားရည်သောက်ပါ။ (ဂ) ဆန်ပြုတ်ရည်ကျဲ သို့မဟုတ် ထမင်းပြဲပြဲ သို့မဟုတ် အာလူးစွပ်ပြုတ် သို့မဟုတ် ကြက်သားစွပ်ပြုတ် သောက်ပါ။ (ဃ) နို့နှင့် နို့ထွက်ပစ္စည်းများဖြစ်ကြသော ထောပတ်၊ ချိစ်တို့ကို မစားပါနှင့်။ လုံးဝနေကောင်းသွားမှသာ ချင့်ချိန်စားပါ။ (င) အမျှင်ဓာတ်များသော ဟင်းသီးဟင်းရွက်များ၊ ခြေဖျက်ရန်ခက်ခဲသော ခြေလေးချောင်းအသားများ၊ ရင်ပြည့်စေတတ်သော ဂျုံ၊ ကွေကာအုပ်၊ ပဲ၊ ပြောင်းများ၊ အခွံမာသီးအစေ့အဆန်များ စားသုံးမှုကို ခေတ္တရှောင်ရှားပါ။ (စ) မာသောအစားအစာမှန်သမျှ မစားပါနှင့်။ (ဆ) ကဖိန်းဓာတ်ပါသော ကိုကာကိုလာအချိုရည်များ၊ လက်ဖက်ရည်ကျကျ၊ ကော်ဖီကျကျတို့ကို မသောက်ပါနှင့်။ (ဇ) အရက်သေစာတို့ကို ရှောင်ရှားပါ။

**ကြိုတင်ကာကွယ်ရန် နည်းလမ်းကောင်းများ**

(က) သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ အသားများကိုသာ ရွေးချယ်စားသုံးပါ။ (ခ) ရက်လွန်အစားအစာများ၊ ပုပ်သိုးနေသော အစားအစာများ၊ အမှည့်လွန်သစ်သီးဝလံများ၊ သံချေးတက်ပုံပျက်နေသော စည်သွတ်ဘူးများ စားသုံးခြင်းမှရှောင်ကြဉ်ပါ။ (ဂ) သန့်စင်ခန်းအသုံးပြုပြီးလျှင် သို့မဟုတ် အစားအစာကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်းမပြုမီ လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။ (ဃ) အသီးအရွက်၊ သားငါးများကို ကျက်အောင်ချက်ပြုတ်စားသုံးပါ။ (င) အစားအစာချက်ပြုတ်ပြီးနောက် မကြာမီအချိန်အတွင်း ပူပူနွေးနွေးစားသုံးရန်နှင့် လတ်တလောမစားသုံးဖြစ်သေးပါက ရေခဲသေတ္တာထဲတွင် လေးဒီဂရီစင်တီဂရိတ်အောက် သို့မဟုတ် ၆၃ ဒီဂရီစင်တီဂရိတ်အထက်၌ သိမ်းဆည်းသိုလှောင်ထားရန်နှင့် စားသုံးမည်ဆိုပါလျှင် ပူနွေးအောင်ပြန်နွေးစားသုံးပါ။ (စ) အသီးအရွက်၊ သားငါးများကို လှီးဖြတ်ရာတွင်အသုံးပြုသော ဓားနှင့် စဉ်းတီတုံးများကို သတ်သတ်စီခွဲခြားအသုံးပြုပါ။ အကယ်၍ သီးခြားမသုံးနိုင်ပါက ဆပ်ပြာဖြင့် ရေစင်စင် ဆေးကြောပြီးမှ သုံးစွဲပါ။ (ဆ) ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသောအသီးအရွက်၊ သားငါးများကို ရောနှောသိုလှောင်သိမ်းဆည်းခြင်း မပြုပါနှင့်။ (ဇ) အလှူနှင့် လူအများအတွက် ကျွေးမွေးမည့်နေရာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများအနေဖြင့် ၎င်းအစားအစာများကို ကိုင်တွယ်၊ ပြင်ဆင်၊ ချက်ပြုတ်ခြင်းမပြုသင့်ပါ။ (ဈ) စားကြွင်းစားကျန်များထည့်ထားသော အမှိုက်ပုံးကို သေချာစွာ ဖုံးအုပ်ထားရန်နှင့် မပြည့်လျှံမိစေရန်ပစ်ပါ။ (ည) ကြွက်နှင့်ယင်များ မခိုအောင်းနိုင်စေရန် မီးဖိုချောင်ကို သန့်ရှင်းသပ်ရပ်စွာထားပါ။ (ဋ) မီးသနော ပါဝင်မှုများသော အရက်သေစာသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။ (ဌ) အမျိုးအမည်မသိ မစားသောက်ဖူးသောမှို၊ သစ်သီး၊ သစ်ဖုနှင့် ပင်လယ်စာများကို သတိထားစားသောက်ပါ။ (ဍ) သိမ်းဆည်းထားပြီး အနံ့နှင့် အရောင်အဆင်းမကောင်းသော အစားအသောက်များကို မစားပါနှင့်။ စည်သွတ်ဘူး အပိန်အရှုံ့များကိုလည်း မသုံးစွဲပါနှင့်။ (ဎ) ရေခဲသေတ္တာထဲတွင် အေးခဲနေသော အသားများကို ရေခဲပျော်အောင် ပြုလုပ်ပြီးလျှင် ချက်ချင်းချက်ပြုတ်ပေးပါ။ (ဏ) ပန်းကန်ဆေးသော ရေမြှုပ်များကို တစ်ကြိမ်သုံးပြီးတိုင်း ဆပ်ပြာဖြင့် သန့်စင်အောင်ဆေးကြောပေးပါ။ (တ) သံဘူးများကိုဖွင့်သော ကိရိယာကို စင်အောင်ဆေးကြောပြီးမှ သုံးပါ။ (ထ) ဆိုင်မှဝယ်လာသော သံဘူး၊ ကော်ဘူးဖြင့် ပြုလုပ်ထားသော အချိုရည်ဘူးများကို ရေဖြင့် သန့်စင်ဆေးကြောပြီးမှ ပါးစပ်ဖြင့် စုပ်သောက်ပါ။ (ဒ) ဟင်းသီးဟင်းရွက်များ မချက်ပြုတ်မီ စင်ကြယ်အောင်ပွတ်တိုက်၍ဆေးပါ၊ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးထားခြင်းမဟုတ်သည့် သခွားသီးများကို အခွံသင်ပစ်ပါ။ ဟင်းသီးဟင်းရွက်၏ အရွက်ရင့်များကိုဖယ်ရှားပြီးမှ ချက်ပြုတ်စီမံပါ။ (ဓ) ဝက်၊ ကြက်၊ ငါးနှင့် ဥဟင်းလျာတို့ကိုမကျက်မီ မြည်းစမ်း၍ မစားသင့်ပေ။ (န) အသားဟင်းလျာများ ချက်ပြုတ်ရာတွင် ပန်းရောင်သွေးပျောက်သည်ထိချက်ပြုတ်ပါ။ အရိုးပါသော ကြက်သားများကို အဆစ်များအနီရောင်ပျောက်သည်ထိ ချက်ပြုတ်ပါ။ "ပုစွန်အကွေး၊ ငါးအခွေ"ဟုဆိုသော်လည်း ကျက်သွားသည်ထိ ချက်ပြုတ်ကြော်လှော်သင့်သည်။ (ပ) မချက်ရသေးသော အသားစိမ်း၊ ငါးစိမ်းများကို အခြားဟင်းအမည်များနှင့် မထိတွေ့ပါနှင့်။

**အထူးသတိပြုရန်**

ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေသူများ၊ အရေပြားတွင် အနာရောဂါရှိသူများနှင့် ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့မှ အထူးရှောင်ကြဉ်သင့်သည်။

အချုပ်အားဖြင့်ဆိုသော် လူသားတို့နေ့စဉ်ဘဝတွင် ဘေးကင်းသောအစားအစာစားသုံးနိုင်ရေးသည် ကျန်းမာရေးအတွက် လွန်စွာအရေးကြီးသည်။ အန္တရာယ်မကင်းသောအစားအစာများက ရောဂါများစွာ ဖြစ်လာနိုင်ပြီး ကြီးထွားမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့မှုကို ဖြစ်ပေါ်စေခြင်း၊ ရောဂါအခံရှိသူများတွင် အန္တရာယ်ပိုများခြင်း၊ အခန့်မသင့်ပါက အသက်ဆုံးရှုံးနိုင်ခြင်း စသည့်အခြေအနေများကို ဖြစ်ပေါ်စေနိုင်သည်။ ကျေးလက်ဒေသများတွင်နေထိုင်သူများက အစာအဆိပ်သင့်ခြင်းနှင့်ပတ်သက်၍ အသိပညာကျယ်ပြန့်စွာသိရှိရန်လိုအပ်ပြီး အထူးသဖြင့် အမျိုးအမည်မသိသောမှိုများ စားသုံးခြင်း၊ မြစ်ချောင်း၊ အင်းအိုင်တို့တွင် အဆိပ်ချငါးဖမ်းခြင်းများ မလုပ်ဆောင်သင့်ပေ။

"အစားအစာဘေးကင်းရေး"ဟု ဆိုရာဝယ် ပစ္စည်းထုတ်လုပ်ခြင်း၊ စိုက်ပျိုးခြင်းမှသည် ရိတ်သိမ်းခြင်း၊ စီမံဆောင်ရွက်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြင်ဆင်ခြင်းနှင့်စားသုံးခြင်းထိ ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာအစားအစာဘေးအန္တရာယ်ကင်းရှင်းမှု အညွှန်းကိန်းတွင် နိမ့်ကျနေဆဲဖြစ်ကြောင်း လေ့လာသိရသည်။ ထို့ကြောင့် စားသုံးသူများအနေဖြင့် အစားအစာများ ဘေးကင်းမှုဆိုင်ရာစံနှုန်းများအတိုင်း လိုက်နာကြရန် လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ဧက ၁၃၅၃၀ ရိတ်သိမ်းပြီးစီး



**မုံရွာ ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ဧက ၁၃၅၃၀ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၃၅၃၈ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၈၆၅၀၊ ဒီပဲယင်းမြို့နယ်တွင် ၁၃၄၂ ဧက စုစုပေါင်းဧက ၁၃၅၃၀ ဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှ ၈၁ ဒသမ ၇၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ရေဦးခရိုင်မှာ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၉၅၃၅၉ ဧက စိုက်ပျိုးဖို့လျာထားတာ ၂၉၄၆၇၄ ဧကလောက်ပဲ စိုက်ပျိုးနိုင်ခဲ့တယ်။ မိုးစပါး စိုက်ပျိုးချိန်က တောင်သူတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့၊ နည်းစနစ်တွေမှန်ကန်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့နဲ့ သဘာဝမြေဩဇာတွေ သုံးစွဲတတ်လာဖို့ စတဲ့နည်းပညာတွေကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတွေက ကွင်းဆင်းပြီး အသိပညာပေး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးကပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၉၅၃၅၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၉၄၆၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဆိပ်ဖြူ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၇ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက ဆူးလေကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

ဆူးလေကုန်းကျေးရွာ၌ အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ဆူးလေကုန်းကျေးရွာရှိ အိမ်ခြေ ၁၈၂ အိမ်၊ လူ ၈၈၇ ဦးတို့ ရာသီမရွေး သွားလာရလွယ်ကူလာမည်ဖြစ်ပြီး ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်လည်း အကျိုးပြုမည်ဖြစ်ကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

**နွံ့ယဉ်**

**ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# လူငယ်နှင့် အားကစား

ဇင်မင်းစိုး(ဗိုလ်ကလေး)

လူငယ်များအချင်းချင်းတွေ့ဆုံ၍ ဗဟုသုတဖြစ်ဖွယ်ရာများ၊ မိမိတို့အတွေ့အကြုံများကို ရင်းနှီးစွာ ပြောဆိုဆွေးနွေးသည့် စကားဝိုင်းကလေးများကို တွေ့လာရသည်။ အဓိကအားဖြင့် လူငယ်များ၏အသံနှင့်အမြင်ကို ကြားသိခွင့်ရသော စကားဝိုင်းဟုဆိုရမည်ဖြစ်သည်။ လူငယ်တို့၏ အတွေးအခေါ်၊ အယူအဆ၊ ခေတ်နှင့်အညီ ပြောင်းလဲနေသော လိုအင်ဆန္ဒများကို လှေ့လာဖော်ထုတ်သော စကားဝိုင်းကလေးဖြစ်ပါသည်။ အရာရာတွင်ကျယ် တို့လူငယ်ဟူသောစကားအရ လူငယ်တို့ကို နေရာပေးချီးမြှင့်သော ပွဲကလေးဟု ဆိုလျှင်လည်း မမှားချေ။

စကားဝိုင်းကလေးတွင် လူမှုနယ်ပယ်အသီးသီးမှ လူငယ်များနှင့် စကားဝိုင်းစီစဉ်ဖန်တီးပေးသူ (Moderator) တို့ပါရှိလေသည်။ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် လူမှုဆက်ဆံရေး၊ လူငယ်နှင့် နည်းပညာကဏ္ဍ စသည်တို့ပါရှိလေသည်။ ပွဲလာရောက်ကြည့်ရှုသူ ကျောင်းသား၊ ကျောင်းသူများရှေ့တွင် ဆွေးနွေးမေးမြန်းကြသဖြင့် လူငယ်တို့၏ဆန္ဒနှင့် ပွင့်လင်းမြင်သာမှုကို တွေ့မြင်ရသည်။

စကားဝိုင်းကလေး တက်ကြွနိုးကြားအောင် စီစဉ်ဖန်တီးပေးသူက ကဏ္ဍအလိုက် လူငယ်များကိုယ်စား မေးမြန်းပြီး အတွေးအမြင်များကို ဖလှယ်ကြလေသည်။ လာရောက်နားထောင်သူ ကျောင်းသား၊ ကျောင်းသူများကိုလည်း မေးမြန်းခွင့်ပေးသဖြင့် စကားဝိုင်းကလေးသည် ပိုမိုသက်ဝင်လာစေလေသည်။ ထိုအထဲတွင် လူငယ်များကို အဓိက လွှမ်းမိုးထားပြီး တူညီသော ဆန္ဒလေးတစ်ခု ကိုယ်စီရှိနေကြသည်ကို သတိပြုတွေ့မြင်ရလေသည်။ ထိုအရာမှာ အခြားမဟုတ် အားကစားကဏ္ဍပင် ဖြစ်လေသည်။

လူငယ်တိုင်း အားကစား ချစ်မြတ်နိုးကြသည်ကို တွေ့ရသည်။ အားကစားကို မချစ်မြတ်နိုးသူဟူ၍ မရှိ။ မသန်စွမ်းလူငယ်လူရွယ်မောင်မယ်များပင် အားကစားကို ချစ်မြတ်နိုးကြသဖြင့် မသန်စွမ်း အားကစားပြိုင်ပွဲများကို ပြုလုပ်ကျင်းပပေးလျက်ရှိကြသည်။

အများအားဖြင့် ယနေ့ခေတ်အခါသမယတွင် ကွမ်းယာ၊ ဆေးလိပ်၊ ဘီယာ၊ အရက်၊ မူးယစ်ဆေးဝါး ပေါများလာသဖြင့် ကျောင်းသားလူငယ်လူရွယ်များ မူးယစ်ဆေးဝါး သုံးစွဲသည့်လမ်းများသို့ မရောက်အောင် အားကစားနှင့် ဆွဲဆောင်စည်းရုံးကြရန် လိုအပ်မည်ဖြစ်ပါသည်။ အားကစားကို စိတ်ပါဝင်စားလာပါက မူးယစ်ဆေးဝါးနှင့် တဖြည်းဖြည်း ဝေးကွာလာမည်ဖြစ်ကြောင်း စကားဝိုင်းမှတစ်ဆင့် လူငယ်တို့၏ အမြင်နှင့်အယူအဆကို သိမြင်လာရပါသည်။

မူးယစ်ဆေးဝါးနှင့် အားကစားသည် ဆန့်ကျင်ဘက်ဖြစ်ကြောင်း လူငယ်လူရွယ်များ သိမြင်လာကြပြီဖြစ်သည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများတွင်လည်း "ပညာ အားကစား ပေါင်းစပ်ထား၊ စွမ်းရည်မြင့်မားနိုင်ငံ့အား" ဟူသည့်ဆောင်ပုဒ်နှင့်အညီ အားကစားကွင်းများ၊ အားကစားရုံများ၊ အလေးမ အားကစားရုံများကို တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ပေးပြီး နှစ်စဉ် ပြိုင်ပွဲများ ပြုလုပ်ကျင်းပပေးကာ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသော လူငယ်လူရွယ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏အားကစားလောကကို အဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်သည့်အခါတွင် ရှက်ပုန်းသီး အားကစားသမားများ ပေါ်ထွန်းလာရေးသည် အရေးပါသော အခြေခံအချက်အလက်ဖြစ်သည်နှင့်အညီ တက္ကသိုလ်အားကစား အဆင့်အတန်းမြင့်မားရေးကိုလည်း အထူးမြှင့်တင်အားပေးလျက်ရှိပါသည်။

လူငယ်နှင့် အားကစားကဏ္ဍမှာ မည်မျှအရေးပါပုံကို အားကစားနည်းအလိုက် သမိုင်းမှတ်တမ်းများ လေ့လာရှာဖွေခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်သည်။

ရှေးအခါက တစ်နိုင်ငံနှင့်တစ်နိုင်ငံ အင်အားကြီးမားသာလွန်မှုကို ယှဉ်ပြိုင်ကြရာတွင် စစ်ပွဲများနှင့် ယှဉ်ပြိုင်ကြလေသည်။ လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးပြီးခါမှ အနိုင်အရှုံး ပေါ်ကြလေသည်။ ယနေ့ခေတ် ယဉ်ကျေးသော လူ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာသောအချိန်တွင် စစ်ပွဲများအစား အားကစားပြိုင်ပွဲများနှင့် အနိုင်အရှုံး ဆုံးဖြတ်လာကြလေသည်။ ထိုအချိန်မှစ၍ အားကစားကဏ္ဍသည် ယဉ်ကျေးသော နိုင်ငံရေးသမိုင်းအဖြစ် စတင်ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။

၁၉၆၇ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်၌ နိုင်ဂျီးရီးယားပြည်တွင်းစစ်တွင် စစ်တိုက်နေကြသော လက်နက်ကိုင်အဖွဲ့အစည်းပေါင်း ၃၀၀ ကျော်သည် နှစ်ရက်တိတိ အပစ်အခတ်ရပ်စဲခဲ့ကြသည်။ အကြောင်းမှာ ကမ္ဘာကျော်လက်ရွေးစင်ဘောလုံးသမားပီလီသည် နိုင်ဂျီးရီးယားနိုင်ငံတွင် ဘောလုံးလာကန်မည်ဖြစ်သောကြောင့် ပီလီ၏ဘောလုံးပွဲကို ကြည့်ချင်ကြသဖြင့် "နိုင်ဂျီးရီးယားနိုင်ငံအတွင်း ပီလီရှိနေစဉ် နှစ်ရက်အတွင်း မည်သူမျှ သေနတ်တစ်ချက်မပစ်ရ"ဟူသော သဘောတူဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ကြပါသည်။

နောက်နှစ်ရက်ကြာပြီး နိုင်ငံအတွင်းမှ ပီလီ ထွက်သွားပြီးနောက် ၂ မိနစ်အကြာမှာပင် နိုင်ဂျီးရီးယား ပြည်တွင်းစစ်ကြီး ပြန်စခဲ့လေသည်။

လူငယ်များချစ်သော ဘောလုံးသည် အားကစားတစ်ခုထက်ပိုကြောင်း တွေ့မြင်ရလေသည်။ အားကစားသည် အခြေအနေတစ်ခု အချိန်အခါတစ်ခုတွင် လူများ၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲယူ ပြောင်းလဲနိုင်စွမ်းရှိကြောင်း တွေ့မြင်ရသည်။ အားကစားပြိုင်ပွဲများကြောင့် လူငယ်တို့၏ အသိတရား၊ အရှိတရားတို့ကို ပိုမိုသိမြင်လာကြလေသည်။

အားကစားလောကတွင် Fair Play ရှိမှ တရားမျှတမှုရှိမည်ဆိုသော နိယာမကို လက်ခံကြသလို အပြန်အလှန် လေးစားညီညွတ်မှုရှိခြင်းကို ချစ်မြတ်နိုးလာအောင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပါသည်။ အားကစားသည် အား၍ကစားခြင်းမဟုတ်။ အားရှိမှ ကစား၍ရသော အရာဖြစ်သည်ဟု ကြားသိရပါသည်။ လူငယ်လူရွယ်များ အားကစားကို ချစ်မြတ်နိုးသော စိတ်ဖြစ်လာအောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးသင့်ပါသည်။

"ကျွန်ုပ်တို့၏ အနာဂတ်သည် ကလေးများ၏ လက်ထဲတွင်ရှိသည်" ဟူသည့်အတိုင်း လူငယ်လူရွယ်များ လမ်းမှားမရောက်အောင် အားလုံးက ဝိုင်းဝန်းပြုပြင်ထိန်းကျောင်းကြရန် တာဝန်ရှိသည်။ လူငယ်လူရွယ်မောင်မယ်များ လမ်းမှားရောက်ကာ ပျက်စီးသွားကြပါက နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်တစ်ဦး ဆုံးရှုံးရမည်ဖြစ်သလို ကျွန်ုပ်တို့၏ အနာဂတ်အတွက်လည်း လွန်စွာစိုးရိမ်စရာ ကောင်းလှပါသည်။ ထို့ကြောင့် လူငယ်လူရွယ်များကို မှန်ကန်စွာနှင့် ကောင်းမွန်စွာပြုစုပျိုးထောင်ရန် လိုအပ်မည်ဖြစ်သည်။

Miss Universe ပြိုင်ပွဲတစ်ခုတွင် ဖိလစ်ပိုင်အလှမယ်တစ်ဦးသည် Miss Universe သရဖူ ရရှိခဲ့သည်။ ဆုယူအပြီးတွင် ဖိလစ်ပိုင်အလှမယ်က "အခွင့်အရေးသာမရခဲ့ရင် အရည်အချင်းဆိုတာ အလကားပါပဲ"ဟု မျက်ရည်စက်လက်နှင့် ကျေးဇူးတင်စကား ပြောကြားခဲ့လေသည်။ ဤကျေးဇူးတင်စကားတွင် နက်ရှိုင်းသော အဓိပ္ပာယ်များစွာပါဝင်နေပြီး ကြိုးစားခဲ့သော်လည်း ဖန်တီးပေးသော လက်တစ်စုံသာမရှိခဲ့လျှင် အရည်အချင်းသည် အလကားပါပဲဟု ပြောချင်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် လူငယ်လူရွယ်များ ဘာဖြစ်ချင်ကြသည်၊ ဘာလိုချင်ကြသည်၊ ဘယ်လိုဆန္ဒရှိနေကြသည်ကို လေ့လာဖော်ထုတ်ဆောင်ရွက်ပေးကြရန် အရေးကြီးပါသည်။ လူငယ်လူရွယ်များအများစု စိတ်ပါဝင်စားသော အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်များ၏ တန်ဖိုးရှိသောအချိန်နှင့် ကြိုးစားအားထုတ်မှုများကို မြှင့်တင်ဆောင်ရွက်အားပေးကြရမည်ဖြစ်ပါသည်။

လူငယ်လူရွယ်မောင်မယ်များ၏ဘဝကို သိမြင်ပြီး လူငယ်များ၏အနာဂတ်ကို ကောင်းမွန်လှပစွာ ထုဆစ်ပေးကြရန် တင်ပြရင်း လူငယ်ဆွေးနွေးစကားဝိုင်းကို ဆက်လက်ပေါ်ပေါက်လာစေရန် အားပေးဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါတော့သည်။

❖ ၁၉၆၇ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်၌ နိုင်ဂျီးရီးယားပြည်တွင်း စစ်တွင် စစ်တိုက်နေကြသော လက်နက်ကိုင်အဖွဲ့အစည်းပေါင်း ၃၀၀ ကျော်သည် နှစ်ရက်တိတိ အပစ်အခတ်ရပ်စဲခဲ့ကြသည်။ အကြောင်းမှာ ကမ္ဘာကျော်လက်ရွေးစင်ဘောလုံးသမားပီလီသည် နိုင်ဂျီးရီးယားနိုင်ငံတွင် ဘောလုံးလာကန်မည်ဖြစ်သောကြောင့် ပီလီ၏ဘောလုံးပွဲကိုကြည့်ချင်ကြသဖြင့် "နိုင်ဂျီးရီးယားနိုင်ငံအတွင်း ပီလီရှိနေစဉ် နှစ်ရက်အတွင်း မည်သူမျှ သေနတ်တစ်ချက်မပစ်ရ" ဟူသော သဘောတူဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ကြပါသည်။ နောက်နှစ်ရက်ကြာပြီး နိုင်ငံအတွင်းမှ ပီလီထွက်သွားပြီး နောက် ၂ မိနစ်အကြာမှာပင် နိုင်ဂျီးရီးယား ပြည်တွင်းစစ်ကြီး ပြန်စခဲ့လေသည်။ ❖

# ဘားအံမြို့နယ် ရွှေတော-ကော့သံခါကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေတော-ကော့သံခါကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ရွှေတော-ကော့သံခါကျေးရွာ ဆီထွက်သီးနှံများ သယ်ယူပို့ဆောင်နိုင်မည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ရွှေတော-ကော့သံခါကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀ ဖြင့် တင်ဒါအောင်မြင်သည့် ငွေစင်ဆန်းသစ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ပြီးပါက ကျေးရွာရှိ အိမ်ခြေ ၂၀၀၊ လူဦးရေ ၆၀၀ တို့၏ စိုက်ပျိုးမြေဧက ၁၈၀ ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ စိုက်ပျိုးမြေဧကများမှထွက်ရှိသော ဆီထွက်သီးနှံများ၊ ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူသူ**



# ဘဝ စည်းကမ်းနှင့် ဥပဒေ

ရှေ့နေ-ဦးဝင်းကြည်(စဉ့်ကိုင်)

လူတိုင်းလူတိုင်း ဘဝရှိကြသည်။ ဘဝဆိုသည်မှာ မွေးဖွားသည်မှ သေဆုံးသည့်ကာလ၊ အသက်ရှင်သန်နေသည့်ကာလဟု အဓိပ္ပာယ်များဖွင့်ဆိုကြသည်။

မိခင်ဝမ်းကြာတိုက်မှ မွေးဖွားလာသည့်ကလေးသည် အသက်ရှင်သန်နေသဖြင့် ဘဝရှိသည်။ ထိုကလေးသည် လသားအရွယ်တွင် သေဆုံးပါက လသားဘဝဖြစ်ပေသည်။ အကယ်၍ ကလေးသည် ကျောင်းသားအရွယ်တွင် သေဆုံးပါက ထိုကလေးသည် ကျောင်းသားဘဝသာဖြစ်ပေသည်။ အသက်ရှင်သန်နေသမျှကာလပတ်လုံး ဘဝဖြစ်သည်။

ဘဝတွင် အမျိုးမျိုးရှိပေသည်။ နို့စို့အရွယ်သည် ကလေးဘဝ၊ ကျောင်းနေသည့်အရွယ် ကျောင်းသားဘဝ၊ အလုပ်သမားဘဝ၊ လယ်သမားဘဝ၊ မိဘဆရာဘဝ စသည့်ကျင်လည်ရာဘဝများစွာရှိသည်။ ထိုကျင်လည်ရာဘဝများစွာတွင် လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများရှိသည်။ ထိုစည်းကမ်းများသည် ဥပဒေပင်ဖြစ်သည်။

ကမ္ဘာဦးကာလတွင် ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးပေ။ သူ့ပစ္စည်း၊ ကိုယ့်ပစ္စည်း ပိုင်းခြားထားခြင်းမရှိပေ။ နံနက်စာ၊ ညစာတို့ကို အချိန်တန်လျှင် သွားရောက်ခူးဆွတ် သယ်ယူစားသောက်ကြသည်။ လူပျင်းများသည် နေ့ဖို့ညစာ ခူးဆွတ်သယ်ယူသည်။ အစာရေစာများခေါင်းပါးလာသည့်အခါ သူ့ပစ္စည်း၊ ကိုယ့်ပစ္စည်းပိုင်းခြားလာကြသည်။ လူပျင်းများက သူတစ်ပါးပိုင်သည့်ပစ္စည်းကို ခိုးယူစားသောက်ကြသည်။ ပစ္စည်းခိုးယူသူတို့ကိုဖမ်းဆီး၍ မခိုးရန်ပြောဆိုသော်လည်း ဆက်လက်ခိုးမြဲခိုးသည်။ ထိုအခါ ပစ္စည်းပိုင်ရှင်များက ခိုးသူကို ရိုက်နှက်ညှဉ်းပန်းကြသည်။ ရိုက်နှက်ညှဉ်းပန်းသည့်ဒဏ်မခံနိုင်သောခိုးသူတို့က မခိုးဟု မုသားဆိုက ငြင်းပယ်ကြသည်။

ကမ္ဘာဦးကာလတွင် ပထမဦးစွာပေါ်ပေါက်သည့် ပြစ်မှုမှာ ခိုးယူမှုဖြစ်သည်။ ဒုတိယ ရိုက်နှက်ညှဉ်းပန်းမှုဖြစ်ပြီး တတိယမှာ မုသားပြောဆိုမှုတို့ ဆင့်ကဲကျူးလွန်လာသည်။ ထိုအခါ အုပ်ချုပ်သူမဟာသမ္မတမင်းမြှောက်ကာ အမှုများကို စီရင်ဆုံးဖြတ်စေသည်။ မဟာသမ္မတမင်းက ပြည်သူများလိုက်နာကျင့်သုံးရန်အတွက် စည်းကမ်းဥပဒေများကို ထုတ်ပြန်ချမှတ်သည်။ ထိုအချိန်မှစ၍ ပြည်သူလူထုအများလိုက်နာရန် စည်းကမ်းနှင့် ဥပဒေပေါ်ပေါက်လာသည်။

ဥပဒေဆိုသည်မှာ ပြုလုပ်ရန်တာဝန်များကို ပျက်ကွက်ခြင်း၊ မပြုလုပ်ရန်တားမြစ်ထားသည်များကို ပြုလုပ်ခြင်း၊ ဥပဒေကိုလေးစားလိုက်နာရန်ပျက်ကွက်ခြင်းဖြစ်သည်။ ဥပဒေကို လေးစားလိုက်နာရန်ပျက်ကွက်ပါက ပြစ်မှုအလိုက်ပြစ်ဒဏ်ပေးရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူအများလိုက်နာဆောင်ရွက်ရန်နှင့် ရှောင်ကြဉ်ရန် သတ်မှတ်ချက်များကို ပျက်ကွက်ပါက ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။

လူ့ဘဝတွင် လိုက်နာဆောင်ရွက်ပြုလုပ်ရန်များကို လိုက်နာဆောင်ရွက်ရသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိ ပြုလုပ်ရန်ပျက်ကွက်ပါက ဥပဒေချိုးဖောက်ခြင်းဖြစ်သည်။ ထို့အတူ ရှောင်ကြဉ်ရန်တားမြစ်ထားသည်ကို ရှောင်ကြဉ်ခြင်းမရှိပါက ဥပဒေချိုးဖောက်ခြင်းဖြစ်သည်။ ဥပဒေချိုးဖောက်ကြောင်း ထင်ရှားတွေ့ရှိပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေအရ သတ်မှတ်ထားသည့်အပြစ်ဒဏ်ပေးရန်သာရှိပေသည်။

လူ့ဘဝတွင် ကျောင်းသားဘဝ၌ ကျောင်းစည်းကမ်း၊ ကျောင်းကပြဋ္ဌာန်းထားသည့် ကျောင်းဥပဒေကို လေးစားလိုက်နာရမည့်အပြင် လိုက်နာဆောင်ရွက်ရန်နှင့် ရှောင်ကြဉ်ရန် ဥပဒေများကိုလည်း လေးစားလိုက်နာရမည်။ အလုပ်သမား၊ အလုပ်ရှင်၊ စက်ရုံလုပ်သား၊ စက်ရုံပိုင်ရှင် စသည့်အလုပ်သမားရေးရာများတွင်လည်း အလုပ်သမားဥပဒေကို လေးစားလိုက်နာရမည်။ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများတွင် အလုပ်သမားရပိုင်ခွင့်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်းရပေမည်။

လယ်သမား၊ လယ်ယာလုပ်သားများ အငြင်းပွားလျှင်ဖြစ်စေ၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားလျှင်ဖြစ်စေ တောင်သူလယ်သမားဥပဒေ၊ လယ်ယာမြေဥပဒေများဖြင့် ဖြေရှင်းရပေမည်။

နိုင်ငံ့ဝန်ထမ်းများသည်လည်း ဝန်ထမ်းများလိုက်နာရမည့်ဥပဒေများကို လေးစားလိုက်နာရမည့်အပြင် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသည် စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများကို လေးစားလိုက်နာရပေမည်။

> ❖ ကမ္ဘာဦးကာလတွင် ပထမဦးစွာပေါ်ပေါက်သည့်ပြစ်မှုမှာ ခိုးယူမှုဖြစ်သည်။ ဒုတိယ ရိုက်နှက်ညှဉ်းပန်းမှုဖြစ်ပြီး တတိယမှာ မုသားပြောဆိုမှုတို့ ဆင့်ကဲကျူးလွန်လာသည်။ ထိုအခါ အုပ်ချုပ်သူမဟာသမ္မတမင်းမြှောက်ကာ အမှုများကို စီရင်ဆုံးဖြတ်စေသည်။ မဟာသမ္မတမင်းက ပြည်သူများလိုက်နာကျင့်သုံးရန်အတွက် စည်းကမ်းဥပဒေများကို ထုတ်ပြန်ချမှတ်သည်။ ထိုအချိန်မှစ၍ ပြည်သူလူထုအများလိုက်နာရန် စည်းကမ်းနှင့်ဥပဒေပေါ်ပေါက်လာသည်။ ဥပဒေဆိုသည်မှာ ပြုလုပ်ရန်တာဝန်များကို ပျက်ကွက်ခြင်း၊ မပြုလုပ်ရန်တားမြစ်ထားသည်များကို ပြုလုပ်ခြင်း၊ ဥပဒေကို လေးစားလိုက်နာရန်ပျက်ကွက်ခြင်းဖြစ်သည်။ ❖

တပ်မတော်သည်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်လည်းကောင်း၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ စသည့်အဖွဲ့အစည်းများသည်လည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းဥပဒေများကို လိုက်နာဆောင်ရွက်ရသည်။

စာနယ်ဇင်း သတင်းမီဒီယာသတင်းထောက်များ၊ စာရေးဆရာများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များနှင့်ပုံနှိပ်ထုတ်ဝေသူများသည် သက်ဆိုင်ရာ သတင်းမီဒီယာဥပဒေကို လေးစားလိုက်နာရသည်။

မြန်မာနိုင်ငံတွင် အများပြည်သူလိုက်နာရန်အတွက် ရာဇသတ်ကြီး(ပြစ်မှုဆိုင်ရာ)ဥပဒေအပြင် အထူးနှင့် အထွေထွေဒေသန္တရဥပဒေကို ပြဋ္ဌာန်းထားသည်။ ထိုဥပဒေများသည် မြန်မာနိုင်ငံသားများ၊ ဧည့်နိုင်ငံသားများ၊ နိုင်ငံသားပြုခွင့်ရသူများနှင့် မြန်မာပြည်အတွင်းနေထိုင်ကြသည့် နိုင်ငံခြားသားလည်း လိုက်နာရမည့်ဥပဒေဖြစ်သည်။ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ထမ်းဆောင်နေသူများလည်း လိုက်နာကျင့်သုံးရပေသည်။

ဝိနယောစ သုသိက္ခိတော- ဝိနည်းစည်းကမ်းလိုက်နာခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟု မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည်။ ဝိနည်းစည်းကမ်းဆိုသည်မှာ လိုက်နာရမည့် လူမှုကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်၊ ဥပဒေများဖြစ်သည်။ ဥပဒေကို လေးစားလိုက်နာသူသည် သောကကင်းဝေးနေနိုင်ပေသည်။ ဥပဒေဘောင်အတွင်းနေထိုင်ခြင်းက ဘေးကင်းရန်ကွာစိတ်ချမ်းသာပေမည်။ သောကကင်းဝေးနေနိုင်ရေးအတွက် ဥပဒေကို လေးစားလိုက်နာရမည်။

ဥပမာ-သစ်တောဥပဒေတွင် သတ်မှတ်ကြိုးဝိုင်းအတွင်းရှိ သစ်ပင်များကိုမခုတ်ရန်တားမြစ်ထားသည်။ သစ်တောဥပဒေအရ တားမြစ်ထားသည့်နယ်မြေအတွင်းရှိ သစ်ပင်တစ်ပင်ကိုခုတ်လှဲလျှင် သစ်တောဥပဒေအရ တရားစွဲဆိုခြင်းခံရပေမည်။ တရားစွဲဆိုခြင်းခံရသဖြင့် ပြစ်မှုကျူးလွန်သူနှင့်တကွ မိသားစုများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်းများစွာဖြစ်ရသည်။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုက်သင့်သည့် ထောင်ဒဏ်ကျခံရပေမည်။ ထောင်ဒဏ်ကျခံရ၍ အချုပ်အနှောင်ခံနေရသဖြင့် တန်ဖိုးရှိလှသောအချိန်တို့သည် အကျိုးမဲ့စွာအချိန်ကုန်သွားပေမည်။

အလုပ်သမားတစ်ဦးသည် လုပ်ငန်းခွင်စည်းကမ်းဖောက်ဖျက်ခြင်း၊ အလုပ်သမားဥပဒေချိုးဖောက်ခြင်းတို့ကြောင့် အလုပ်မှထုတ်ပယ်ခြင်းခံရလျှင် ထိုအလုပ်သမားကိုမှီခိုနေသည့် မိသားစုစားဝတ်နေရေး၊ လူမှုအခက်အခဲများစွာရင်ဆိုင်ရပေမည်။ ဥပဒေချိုးဖောက်သဖြင့် ကောင်းကျိုးခံစားခွင့်ကင်းမဲ့ကာ အလုပ်မဲ့ဘဝဖြင့် ဒုက္ခသောကရင်ဝယ်ပိုက်ကာ လူ့ဘဝဖြတ်သန်းရပေမည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းဥပဒေတို့ကို လိုက်နာရမည်။ လိုက်နာခြင်းမရှိ ဖောက်ဖျက်ကျူးလွန်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်မှရပ်စဲခြင်း၊ ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခြင်း စသည့်အပြစ်ဒဏ်ခံရပေမည်။ ထိုနိုင်ငံ့ဝန်ထမ်းကိုမှီခိုနေရသော မိသားစုတို့သည် လူမှုဒုက္ခများစွာကို ပင်ပန်းဆင်းရဲစွာကြုံတွေ့ရင်ဆိုင်ရပေမည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ မမှီဝဲသုံးစွဲရန် မူးယစ်ဆေးဝါးဥပဒေအရ ပြဋ္ဌာန်းထားသည်။ ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိ၊ လွှဲပြောင်းပါက မူးယစ်ဆေးဝါးဥပဒေအရ တရားစွဲဆိုအပြစ်ပေးခြင်းခံရပေမည်။

စီးပွားရေးလုပ်ငန်းများဖြစ်သော သယံဇာတ သဘာဝဓာတ်သတ္တုတူးဖော်မှု၊ ရွှေ၊ ကျောက်မျက်ရတနာ စသည့်ရတနာပစ္စည်းတူးဖော်ခြင်း၊ ရောင်းချခြင်း စသည်များတွင်လည်း သက်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းကာ တားမြစ်ချက်များ ရှိသည်။ ထိုတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ရင်းနှီးမြှုပ်နှံထားသော အရင်းအနှီးများနှင့်တကွ အခြားသော အကျိုးခံစားခွင့်များပါ ဆုံးရှုံးနစ်နာသည့်အပြင် ထောင်ချခံရခြင်းအပြစ်ဒဏ်ကိုပါ ခံစားရပေမည်။

မြန်မာနိုင်ငံတွင်နေထိုင်သောသူများသည် မြန်မာနိုင်ငံဥပဒေများကို နားလည်သိရှိသည်ဟု ကောက်ယူသုံးသပ်ပြီးဖြစ်သည်။ နိုင်ငံတော်ကပြဋ္ဌာန်းထားသော ဥပဒေများကို မသိရှိ၊ နားမလည်၍ ပြစ်မှုကျူးလွန်သည်ဟု ထုချေခွင့်မရှိပေ။ ထို့ကြောင့် မြန်မာနိုင်ငံတွင်နေထိုင်သူများသည် မြန်မာနိုင်ငံပြဋ္ဌာန်းဥပဒေများကို လေးစားလိုက်နာရပေမည်။

ရာဇသတ်ကြီးဥပဒေပါ ရာဇဝတ်မှုဖြစ်စေ အထူးနှင့် အထွေထွေဒေသန္တရဥပဒေနှင့် အရေးပေါ်ပြဋ္ဌာန်းချက်ဥပဒေများကိုလည်း လေးစားလိုက်နာရပေမည်။

ပြစ်မှုများတွင် ပြစ်ဒဏ်များသည် ကျူးလွန်ဖောက်ဖျက်သည့်ပြစ်မှုအလျောက် အပြစ်ဒဏ်အမျိုးမျိုးရှိသည်။ ပြစ်ဒဏ်များတွင် အနည်းဆုံး၊ အသက်သာဆုံး အပြစ်ဒဏ်သည် ငွေဒဏ်ဖြစ်ပေသည်။ ငွေဒဏ်မပေးဆောင်နိုင်ပါက ဒဏ်ငွေမဟာပေါ်မူတည်ကာ ထောင်ဒဏ်ကိုလည်း အပြစ်ပေးနိုင်သည်။ ထောင်ဒဏ်အပြစ်ပေးရာတွင်လည်း ပြစ်မှုကျူးလွန်မှုအခြေအနေပေါ်မူတည်ကာ တစ်သက်တစ်ကျွန်းဒဏ်၊ သေဒဏ်ထိ အပြစ်ပေးနိုင်သည်။ များသောအားဖြင့် ထောင်ဒဏ်သုံးနှစ်၊ ငါးနှစ်၊ ခုနစ်နှစ်နှင့် ၁၀ နှစ်အပြစ်ပေးသည်များကို မြင်တွေ့နေရသည်။ အနည်းဆုံး သုံးလ၊ ခြောက်လ အပြစ်ဒဏ်ချမှတ်သည့်ပြစ်မှုများလည်း ရှိသည်။ ပြစ်ဒဏ်သည် ကျူးလွန်သောပြစ်မှု၊ ပြစ်မှုကျူးလွန်သည့်အနေအထားတို့ပေါ်တွင် ပြစ်ဒဏ်ကွာခြားသည်။

ဥပမာ- လူသတ်မှုတစ်မှုသည် သာမန်အားဖြင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်သည်။ သို့သော် လူတစ်ဦးတစ်ယောက်ကို ရက်စက်စွာသတ်ဖြတ်ခြင်း၊ ကြိုတင်စီမံ၍ သတ်ဖြတ်ခြင်းများဖြစ်လျှင် တစ်သက်တစ်ကျွန်းအပြစ်ဒဏ်ပေးသည်လည်းရှိသည်။ လူတစ်ဦးထက်ပိုမိုသောလူများကို သတ်ဖြတ်ခြင်း၊ ရက်ရက်စက်စက်လူမဆန်စွာသတ်ဖြတ်ခြင်းပြုသူများကို အနည်းဆုံး တစ်သက်တစ်ကျွန်း၊ အများဆုံး သေဒဏ်အပြစ်ပေးသည်များရှိသည်။

ဥပဒေကို မလေးစားမလိုက်နာဘဲ ပြစ်မှုကျူးလွန်လျှင် ကောင်းကျိုးချမ်းသာခံစားရခြင်းမရှိဘဲ ဆိုးကျိုးကိုသာ ခံစားရပေမည်။ မိသားစုနှင့်တကွ မှီခိုသူများလည်း အတိဒုက္ခရောက်ရပေသည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူ(နိုင်ငံခြားသားများအပါအဝင်)သည် မြန်မာနိုင်ငံဥပဒေများကို နားလည်သိရှိအောင် လေ့လာသင့်ပေသည်။ မိမိကိုယ်တိုင်နားလည်သည်များကိုလည်း မသိသေးသည့်ပတ်ဝန်းကျင် လူအများနားလည်အောင်မျှဝေပေးသင့်သည်။ မိမိကိုယ်တိုင် ဥပဒေကိုလေးစားလိုက်နာသကဲ့သို့ မိမိပတ်ဝန်းကျင်မှ ပြည်သူများဥပဒေကို လေးစားလိုက်နာအောင် ဆောင်ရွက်သင့်ပေသည်။ ဥပဒေကို လေးစားလိုက်နာမှသာလျှင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေး အပြည့်အဝရရှိပေမည်။ သို့မှသာ နိုင်ငံတော်အေးချမ်းသာယာပေမည်။

နိုင်ငံတော်အေးချမ်းသာယာမှ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်တည်ဆောက်နိုင်ပေမည်။ ပြည်သူလူထုသည်လည်း နှလုံးစိတ်ဝမ်းကြည်လင်လန်းလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ပေမည်။

လူတိုင်းလူတိုင်းသည် ဥပဒေပါအခွင့်အရေးများကို တရားသဖြင့်ရယူလိုပါက ဥပဒေကို လေးစားလိုက်နာရန်ဖြစ်ပေသည်။ ပြဋ္ဌာန်းထားသည့်ဥပဒေများကို လေးစားလိုက်နာခြင်းဖြင့် လူတစ်ဦးတည်းသာမက နိုင်ငံနှင့် လူမျိုးအားလုံးသည် အေးချမ်းသာယာဝပြောသောလူ့ဘဝအသိုက်အဝန်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

# လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၉၂၀၀ စိုက်ပျိုးပြီးစီး



**လပွတ္တာ ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၉၂၀၀ ကို ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၉၂၀၀ ကို အောက်တိုဘာလတတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ရာနှုန်းပြည့် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံဧက ၉၂၀၀ ကိုအခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများ၏ လယ်မြေစိုက်ကွက်များထိ ကွင်းဆင်းပြီး တောင်သူအသိပညာပေး လုပ်ငန်းများကိုပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံဧက ၉၂၀၀ ကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒေသတချို့မှာ စားဖိုဆောင်သီးနှံတွေကို ပိုမိုစိုက်ပျိုးတာတွေ့ရပါတယ်။ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးနည်းပညာတွေပံ့ပိုးပေးခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေအားလုံး ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စားဖိုဆောင်သီးနှံတချို့ဟာ အစိမ်းစားသုံးရတာဖြစ်လို့ စားသုံးသူအန္တရာယ်ကင်းစေဖို့ ပိုးသတ်ဆေးသုံးစွဲရာမှာ စနစ်တကျသုံးစွဲတတ်စေဖို့အတွက် အဓိကထားဆောင်ရွက်ဖို့ အသိပညာပေးထားပါတယ်"ဟု လပွတ္တာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုစုပေါင်းဧက ၉၂၀၀ ကို ကျေးရွာပေါင်း ၁၉ ရွာက အများဆုံး စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စားဖိုဆောင်သီးနှံဧက ၉၂၀၀ တွင် နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ပိန်းဥ၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ ကြက်ဟင်းခါး၊ သခွား၊ ဆလတ်၊ ခရမ်း၊ ဟင်းနုနယ်၊ ကန်စွန်းဥ စသည့်သီးနှံအမျိုးအစားများစိုက်ပျိုးထားကြောင်း လပွတ္တာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ဖန်းမော်မြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေး၊ ငွေကြေးစီမံခန့်ခွဲမှုနှင့်အခြေခံစာရင်းကိုင်သင်တန်းဖွင့်

**ဖန်းမော် ဇန်နဝါရီ ၈**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖန်းမော်မြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေး၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် အခြေခံစာရင်းကိုင်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက အဆိုပါဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဇော်လင်းက သင်တန်းဖွင့် အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို တစ်ဦးချင်းမိတ်ဆက်ရှင်းလင်း ပြောကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက သင်တန်းသား၊ သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါစိုက်ပျိုးရေးနည်းပညာပေး၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် စာရင်းကိုင်သင်တန်းသို့ ဖန်းမော်မြို့နယ် မန်ရေး(ခေတ်မီစံပြ) ကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူသင်တန်းသား၊ သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် မြေဆီလွှာထိန်းသိမ်းနည်း၊ ကိုင်းကူးကိုင်းဆက်နည်း၊ ပိုးမွှားအန္တရာယ်ကာကွယ်ရေးနည်းလမ်း၊ ငွေကြေးစီမံခန့်ခွဲမှု၊ အခြေခံစာရင်း ပြုစုနည်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများက ဇန်နဝါရီ ၇ ရက်မှ ယနေ့ထိ နှစ်ရက်ကြာအခမဲ့ပို့ချပေးခဲ့ကြောင်း ဖန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကျော်ဇောဦး(မောရှမ်းမြေ)**


ရန်သူမီးဘေး တားဆီးရေး
မနေးဆောင်ရွက်ကြ













"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

**စာပေ မြင့်မှ လူမျိုး တင့်မည်**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏လူမှုစီးပွားဘဝမြင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့်တောင်သူတို့၏ လူမှုစီးပွားဘဝမြင့်တင်ရေး ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများ၌ ပြည်သူများ စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုကြပြီး အထူးစည်ကားလျက်ရှိ



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာပြခန်းများကို စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက်ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာလာရောက်လေ့လာကြည့်ရှုလျက်ရှိကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

**ဂုဏ်ပြုယာဉ်များ**

ပြပွဲများသို့ လာရောက်ကြည့်ရှုလေ့လာကြသည့် အများပြည်သူများကို သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့်

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

(၁၀၄)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟစာအောင်ဆုနှင်းသဘင် အခမ်းအနား ကျင်းပ

စာမျက်နှာ - ၁၉

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၆၅၈၉၃ ဧက စိုက်ပျိုးပြီးစီး

စာမျက်နှာ - ၃

**ထူးခြားသည့် ညအပူချိန်များ**

**၈-၁-၂၀၂၃**

**ဟားခါး**

သုည ဒီဂရီစင်တီဂရိတ်

**နမ့်စန်**

၂ ဒီဂရီစင်တီဂရိတ်

**လွိုင်လင်**

၄ ဒီဂရီစင်တီဂရိတ်

**မိုင်းယန်း**

၄ ဒီဂရီစင်တီဂရိတ်

**ပူတာအို**

၅ ဒီဂရီစင်တီဂရိတ်

